# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။ ပဏ္ဍိတဝင်္ဂ(ဓမ္မပဒ-၇၈)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၄)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

**သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်၊ ပျားရည်၊ မှို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများစသည့် စီးပွားရေးအရ အလွန်တန်ဖိုးရှိသော ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။**

## ယနေ့ ဖတ်စရာ


**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ်(၂၀)မြောက် ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင်တင်ဆက်** — ပြည်တွင်းသတင်း — စာ ၃

**မိမိဒီဂျစ်တယ်ကိုယ်ပွား၊ လုံလုံခြုံခြုံကာကွယ်ထား** — ဆောင်းပါး — စာ ၆

**လူတစ်ဦး၏ ချို့ယွင်းအားနည်းချက်သည် မသန်စွမ်းမှုဖြစ်ပါသလား** — ဆောင်းပါး — စာ ၁၂

**တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ** — သတင်းများ — စာ ၁၃

**ဖုန်းမရှိရင် မနေနိုင်တော့ဘူးလား** — ဆောင်းပါး — စာ ၂၀




## ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။


*စာမျက်နှာ ၃ ကော်လံ ၂* ❖


## စက်တင်ဘာ ၁၃ ရက်မှ ၁၇ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၁၇ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်

*စာမျက်နှာ ၄ ကော်လံ ၁* ○







## ငါးသိုင်းချောင်းမြို့၌ ရေဝင်ရောက်၍ ယာယီပိတ်ထားသော ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်

ငါးသိုင်းချောင်း စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ရေဝင်ရောက်၍ ယာယီပိတ်ထားသောကျောင်းများ ရေပြန်လည်ကျဆင်းသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရန် ယနေ့နံနက်က မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်သည် တာဝန်ရှိသူများနှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## တရားမဝင် Online လောင်းကစားဂိမ်း ဦးဆောင်လုပ်ကိုင်သူ (Senior Agent) များအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သော ဝိသမလောဘသားများသည် Online အခြေပြုလောင်းကစား Website များ တည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ကြော်ငြာခြင်း၊ Online လောင်းကစားဂိမ်းကစားနိုင်ရန် တရားမဝင် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူအချို့အနေဖြင့် ဝင်ရောက်ကစားလျက်ရှိသည်ကို တွေ့ရှိရပြီး ထိုသို့ လောင်းကစားဂိမ်းများ ကစားခြင်းကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိ၍ အကျင့်စာရိတ္တပျက်ပြားခြင်း၊ နောက်ဆက်တွဲ ဒုစရိုက်မှုများ ကျူးလွန်ခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်းများ ဖြစ်ပွားသည်အထိ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာလျက်ရှိကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## လူကုန်ကူးမှုသားကောင်မဖြစ်ရန် သတိပြုဆင်ခြင် ကြိုတင်ကာကွယ်

လူကုန်ကူးမှုသည် လူလူချင်းရက်စက်စွာဖြင့် ခေါင်းပုံဖြတ်ခြင်းဖြစ်ပြီး လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းလည်းဖြစ်သည်။ လူကုန်ကူးမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည့်နိုင်ငံများတွင် အဖြစ်များသည်ဟုဆိုသော်လည်း ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၌ပါ ဖြစ်ပွားလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံးတွင်ဖြစ်ပွားနေသည့် ကမ္ဘာ့ပြဿနာဟုဆိုရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ၁၉၉၇ ခုနှစ်မှစတင်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လာခဲ့ခြင်းဖြစ်ရာ လာမည့်နှစ်ဆိုလျှင် နှစ်ပေါင်း ၃၀ တင်းတင်းပြည့်ပြီဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၈၅ တွင်လည်း "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"ဟု အတိအလင်းပြဋ္ဌာန်းထားရှိသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် "လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ" ကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေကို ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံများ၊ နိုင်ငံတကာစံနှုန်းများနှင့် ချိန်ဆညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် "လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ"အဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းနိုင်ခဲ့သည့် စက်တင်ဘာ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

လူကုန်ကူးမှုဖြစ်စဉ်များသည် ခေတ်ကာလအခြေအနေများနှင့် နည်းပညာဖွံ့ဖြိုးမှုတို့နှင့်အညီလိုက်ပါ၍ ပုံစံပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ လူကုန်ကူးခံရခြင်းများကို လေ့လာဆန်းစစ်ပါက ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်း စသည့်အခြေခံအချက်အလက်အချို့ကြောင့်သာမကဘဲ အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ပညာရေးစရိတ်လိုအပ်ခြင်း၊ မိသားစုအတွက် ဝင်ငွေအများအပြားရရှိလိုခြင်း၊ ပိုမိုမြင့်မားသည့် လူနေမှုဘဝကိုမျှော်မှန်းခြင်း၊ လက်ရှိအခြေအနေအပေါ် ကျေနပ်မှုမရှိခြင်း၊ အောင်မြင်မှုရရှိနေသည့်ဘဝများကိုအားကျခြင်း စသောအရင်းခံအကြောင်းများလည်းရှိကြသည်ဟုဆိုသည်။

ယခုနောက်ပိုင်း ဖြစ်ပေါ်လာသည့်လူကုန်ကူးမှုများတွင် မြန်မာအမျိုးသမီးများကို မြန်မာနိုင်ငံအတွင်းသို့ လာရောက်စည်းရုံး၍ အယောင်ပြလက်ထပ်ကာ ပြည်ပနိုင်ငံများသို့ ခေါ်ထုတ်သည့်ဖြစ်စဉ်၊ အွန်လိုင်းမှတစ်ဆင့် လိင်ပိုင်းဆိုင်ရာထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့်ဖြစ်စဉ်များပါဝင်လာသည်ကို ဖော်ထုတ်တွေ့ရှိရပြီး အရေးယူဆောင်ရွက်ခဲ့ရကြောင်းသိရသည်။ မြန်မာအမျိုးသမီးများနှင့် ပြည်ပနိုင်ငံခြားသားများ ထိမ်းမြားလက်ထပ်ရန် ဆောင်ရွက်ပေးကြသူများနှင့် ဥပဒေကိုလက်တစ်လုံးခြားလုပ်နေကြသူများကို ဖော်ထုတ်အရေးယူမှုများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံခြားသားများနှင့် လက်ထပ်သည့် မြန်မာအမျိုးသမီးများ လူကုန်ကူးခံရမှုမှ ကြိုတင်ကာကွယ်နိုင်ရန် လုပ်ငန်းစဉ်အဆိုပြုချက်များချမှတ်ပြီး ၂၀၂၅ ခုနှစ်၊ မတ်လမှစ၍ ထိရောက်စွာအကောင်အထည်ဖော်လျက်ရှိရာ သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းဟူ၍ အဓိကအချက် ၃ ချက်ပါဝင်သည့် ယင်းလုပ်ငန်းစဉ်၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ၅ နှစ်စီမံကိန်းများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ဦးဆောင်မှုဖြင့် ၂၀၀၇ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် စတုတ္ထ ၅ နှစ်စီမံကိန်း ( ၂၀၂၂-၂၀၂၆)၏ နောက်ဆုံးနှစ်လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလဖြစ်သည်။ ယနေ့ကာလတွင် နည်းပညာအသုံးပြု၍ နိုင်ငံဖြတ်ကျော်အွန်လိုင်းလိမ်လည်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေခြင်းနှင့်အတူ အလုပ်အကိုင်လိမ်လည်မှုများမှတစ်ဆင့် အတင်းအကျပ် အစေခိုင်းသည့်လူကုန်ကူးမှုများ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာကြသည်။ ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်လိုသူများကို တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်နိုင်ရေးအတွက် လူမှောင်ခိုကူးသူများကလည်း အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်လာကြသည်ကို တွေ့ရှိရသည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်မှစကာ ယခုနောက်ပိုင်းလူကုန်ကူးမှုဖြစ်စဉ်များသည် ယခင့်ယခင်ကာလများကနှင့်မတူဘဲ ပိုမိုဆန်းသစ်သော ခေါင်းပုံဖြတ်မှုများကို ပြုလုပ်လာကြခြင်းဖြစ်ရာ တားဆီးကာကွယ်ရေးအပိုင်းကလည်း ပြောင်းလဲလာသည့်အခြေအနေများအပေါ် လိုက်ပါပြောင်းလဲဆောင်ရွက်နေရသည့် အခြေအနေဖြစ်သည်။

ခေတ်သစ်ကျွန်ပြုမှုဟုခေါ်သော လူကုန်ကူးမှု၏ သားကောင်ဘဝသို့ မကျရောက်ရန်မှာ လိမ်လည်လှည့်ဖြားမှုများကို နားလည်သိမြင်ဆင်ခြင်ကြရန် လိုအပ်ပြီး မိမိကိုယ်တိုင်ရော မိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ အသိပညာမျှဝေ၍ ကြိုတင်ကာကွယ်ရှောင်ရှားကြရပါမည့်အကြောင်း။ ။

### နေ့အပူချိန် မြင့်မားခဲ့သောစခန်းများ၏ ၁၃-၉-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁ | မြင်းမူမြို့ | ၃၇.၈ | ၁၀၀.၀ |
| ၂ | ချောက်မြို့ | ၃၆.၆ | ၉၇.၉ |
| ၃ | မြဝတီမြို့ | ၃၆.၄ | ၉၇.၅ |
| ၄ | စစ်ကိုင်းမြို့ | ၃၆.၂ | ၉၇.၂ |
| ၅ | ညောင်ဦးမြို့ | ၃၆.၀ | ၉၆.၈ |
| ၆ | မင်းဘူးမြို့ | ၃၆.၀ | ၉၆.၈ |
| ၇ | မကွေးမြို့ | ၃၆.၀ | ၉၆.၈ |
| ၈ | ရွှေဘိုမြို့ | ၃၆.၀ | ၉၆.၈ |

### ၁၃ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄ - ၉ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၂၅ | ၃၉၈၀ | ၃၉၃၀ | ၃၈၄၀ | ၃၉၈၀ | ၃၉၈၅ | ၄၀၃၀ | ၃၉၁၀ | ၄၂၈၀ | ၄၃၀၅ | ၃၉၃၀ | ၄၀၅၅ | ၄၀၂၀ | ၃၉၈၀ | ၃၉၉၀ | ၄၂၂၀ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၅၅ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၉၀ | ၄၁၄၅ | ၄၁၀၅ | ၄၁၀၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၀ | ၄၃၀၀ | ၄၂၅၅ | ၄၁၆၅ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၅၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၀၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၅ | ၅၂၆၀ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၀၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၅ | ၅၂၆၀ | ၅၁၃၅ | | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၀၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၂၃ | ၃၇၂၉ |
| 95 Ron | ၃၇၄၄ | ၃၈၅၃ |
| HSD (500 ppm) | ၃၉၅၄ | ၄၀၆၄ |
| HSD (50 ppm) | ၄၈၀၃ | ၄၉၄၀ |
| HSD (10 ppm) | ၄၈၀၃ | ၄၉၄၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

E-paper

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## MSME ကဏ္ဍကို နိုင်ငံတော်ကအလေးထားဆောင်ရွက်နေသည့်အတွက် ဝန်ကြီးဌာနရှိ စက်ရုံများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၃**

MSME ကဏ္ဍကို နိုင်ငံတော်က အလေးထား ဆောင်ရွက်နေသည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ စက်ရုံများနှင့်တာဝန်ရှိသူအဆင့်ဆင့်အားလုံး ဝိုင်းဝန်း ပူးပေါင်း ကြိုးစားဆောင်ရွက်ကြရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း(ယာပုံ) က ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း MSME ဗဟိုဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဝန်ကြီးဌာန ကွပ်ကဲမှုအောက် ရှိ ဦးစီးဌာန/လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံစဉ် မှာကြားသည်။



ထို့ပြင် ပြည်သူလူထုကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်ပေးနိုင်ရန်၊ ရလဒ်ကို အခြေပြု သည့် စီမံခန့်ခွဲမှုဖြစ်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း များအား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများ ကြိုတင်ဝယ်ယူ စုဆောင်းထားရှိရန်၊ စက်ရုံများအနေဖြင့် ဘဏ္ဍာရေး နှစ်အလိုက် သတ်မှတ်ကုန်ထုတ်လုပ်မှု လျာထားချက် အတိုင်း ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရန်၊ ပစ္စည်းချင်းတူလျှင် အရည်အသွေး ကောင်းမွန်ရမည်၊ အရည်အသွေးချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ထုပ်ပိုးမှု ပိုမိုကောင်းမွန်ရမည်ဆိုသည့်အတိုင်း အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ဒေသ တွင်းထုတ်လုပ်မှုကွင်းဆက်ဖြင့် ချိတ်ဆက်နိုင်ခြင်း၊ နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံမျှဝေပေးနိုင် ခြင်းနှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခြင်းတို့ဖြင့် ဒေသတွင်းစက်မှု လုပ်ငန်းများကိုပါ ဖွံ့ဖြိုးတိုးတက်လာအောင် ပံ့ပိုးပေး ကြရန် မှာကြားခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ဦးစီးဌာန/ လုပ်ငန်းတာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❏ *ငါးသိုင်းချောင်းမှ*

ထိုသို့ ဆောင်ရွက်ရာတွင် ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်ရှိ အလက(ခွဲ)ဗိုလ်ချုပ်လမ်းကျောင်း နှင့် မြို့သစ်ရပ်ကွက်ရှိ အလက(ခွဲ)မြို့သစ် ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကျောင်းအတွင်းအပြင်သန့်ရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စာသင်ခုံများ စနစ်တကျ ပြန်လည်စီပေးခြင်း၊ နုန်းအနည်များ ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်း ခြင်းတို့ကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ မြို့ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိ ရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စုပေါင်း ဆောင်ရွက်ပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

❖ *ဝန်တာမှ*

ထိုသို့ ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင် ရေးအတွက် ရေဝင်ပေါက်တစ်လျှောက် ကြမ်းပြင်မြင့်တက်စေရန် Geo Bag/Geo Tube များကို စက်ရေယာဉ်ဖြင့်ချခြင်း၊ Sheet Pile ရိုက်ပြီးသည့် အပိုင်းအား ခိုင်ခံ့မှုမြင့်တင်ရန် မြစ်ဘက်ခြမ်းနှင့် ကုန်းဘက်ခြမ်းတို့တွင် ကရိန်းဖြင့် Geo Bag, Jumbo Bag, Geo Tube ကျောက် ချခြင်း၊ သဲအိတ်တွဲများချခြင်း၊ ကမ်းရင်း တာနှင့် Sheet Pile ကြားတွင် သဲမှုတ်ဖြည့် ခြင်း၊ Sheet Pile ၏ ထောင့်တန်းနှင့် ဒေါက်တိုင်များ ဆောင်ရွက်ခြင်းလုပ်ငန်း များ ပူးပေါင်းဆောင်ရွက်နေမှုကို ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ရုံးသာတွင် ဧရာဝတီတိုင်းဒေသ ကြီး လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့် ပြည်သူများအတွက် ဝိသာခါဖောင်ဒေးရှင်း မှ ဆန်၊ ဆီ၊ ဆပ်ပြာ၊ တာပေါ်လင်မိုးကာ၊ လက်ဖက်နှင့်အိမ်သုံးပစ္စည်းများ(ယာပုံ)ကို လည်းကောင်း၊ ဦးထွန်းသိန်း+ဒေါ်စန်းရီ စက်သုံးဆီရောင်းဝယ်ရေးနှင့် မြန်မာထမင်း ဆိုင် မိသားစုက အလှူငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ် (၂၀)မြောက် ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင်တင်ဆက်

**မန္တလေး စက်တင်ဘာ ၁၃**

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (မန္တလေး)၏ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် အကြိမ်(၂၀) မြောက် ဘွဲ့ယူစွမ်းရည်ပြပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင် တင်ဆက်ပွဲကို ယနေ့တွင် မန္တလေး မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာ မွန်ပြပွဲတွင် ပန်းချီပညာဌာနမှ ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထ နှစ်မှ ကျောင်းသား ကျောင်းသူ များ၊ ဘွဲ့လွန်အနုပညာဒီပလိုမာ တန်းမှ ကျောင်းသား ကျောင်းသူ များနှင့် မဟာဝိဇ္ဇာတန်းမှ ကျောင်းသား ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီလက်ရာ မွန်များ၊ ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့သည့် စတုတ္ထနှစ် နှင့် ဘွဲ့လွန်အနုပညာဒီပလိုမာ တန်းမှ ကျောင်းသားများက ဖိုက်ဘာ၊ ပလာစတာ၊ သစ်သား တို့ဖြင့် ပုံဖော်ထုဆစ်ထားသည့် ပန်းပုလက်ရာမွန်များကို ပြသ ထားသည်။

အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာ မွန်များကို ယဉ်ကျေးမှု၊ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက သွားရောက် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနများမှ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှု အစီအစဉ် ကျင်းပရာ ဒုတိယဝန်ကြီးက အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် အထူးပြုဘာသာငါးခုကို စာပေပညာရပ်နှင့် တွဲဖက် သင်ကြားပေး လျက်ရှိကြောင်း၊ ကျောင်းဆင်း ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများ သည် ရိုးရာယဉ်ကျေးမှု အမွေ အနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ တက်ရောက်လာ ကြသူများနှင့်အတူ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ပညာရပ်များ ကို သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ တင်ဆက်မှုများကို ကြည့်ရှု အားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများအဖွဲ့ စတုတ္ထအကြိမ်မြောက် အသစ်ဖွဲ့စည်း



**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကများအဖွဲ့ စတုတ္ထအကြိမ်မြောက် အသစ်ဖွဲ့စည်းခြင်းနှင့် အင်ဂျင်နီယာကောင်စီဝင်များအား ရွေးချယ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဦးအေးမြင့်၊ ဒေါက်တာ ညီလှငယ်၊ ဒေါက်တာ ဝင်းမြင့်နှင့် ဦးဟံစိန်တို့ဖြင့် နာယကအဖွဲ့ အသစ်ဖွဲ့စည်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် နာယကအဖွဲ့ အစည်းအဝေးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကအဖွဲ့က အင်ဂျင်နီယာကောင်စီအဖွဲ့ဝင် ၆၀ ကို အတည်ပြုရွေးချယ်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆက်လက်ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အင်ဂျင်နီယာပညာရေးနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသည်။

အလားတူ နာယကအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နိုင်ငံတော်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အင်ဂျင်နီယာကောင်စီ နာယကများဖြစ်သော ဦးအေးမြင့်၊ ဒေါက်တာ ညီလှငယ်၊ ဒေါက်တာ ဝင်းမြင့်နှင့် ဦးဟံစိန်တို့က မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာပညာရပ်အသိုက်အဝန်း၏ တိုးတက်ရာ တိုးတက်ကြောင်း ဆက်လက်အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးပြီး တက်ရောက်လာသော နာယကအဖွဲ့ဝင်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းကာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင် ၆၀ ကို စိစစ်၍ အတည်ပြုရွေးချယ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဆိပ်ကြီးခနောင်တို (တွံတေးတူးမြောင်း) တံတားစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ တံတားကြီးနှင့်အတူ မြို့ပြဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများ ကောင်းမွန်စေရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ဆိပ်ကြီးခနောင်တို(တွံတေးတူးမြောင်း)တံတားသည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နှင့် ဆိပ်ကြီးခနောင်တိုမြို့တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး တံတားအရှည် ၂၄၂၈ ပေ၊ တံတားအပေါ်ထည် သံမဏိသံပေါင် တံတားဖြစ်ကာ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် အင်းစိန်မြို့နယ် တညင်းကုန်းဘူတာအနီး ရန်ကုန်-ပြည် ရထားလမ်းနှင့် ခရေပင်လမ်းဆုံရှိ မီးရထားခုံးကျော်တံတား တည်ဆောက်ရန် ဆောင်ရွက်နေသည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့က ယခု ခုံးကျော်တံတားကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ယာဉ်အန္တရာယ်ကင်းရှင်းပြီး ယာဉ်ကြောပိတ်ဆို့မှုလည်း လျော့နည်းသက်သာစေရန် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တညင်းကုန်းဈေးအတွင်း ဝင်ရောက်မည့် ကုန်ကားကြီးများ အဆင်ပြေစေရေး၊ သွားလာနိုင်စေရေး ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်း၍ တံတားတည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး ကြိုတင်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တညင်းကုန်းဘူတာအနီး မီးရထားလမ်းဆုံနေရာသည် ရန်ကုန်-ပြည်ရထားနှင့် ရန်ကုန်မြို့ပတ်ရထားများ နေ့စဉ် အစုန် / အဆန် ၂၃ ကြိမ်ခန့် ဖြတ်သန်းသွားလာလျက်ရှိသည့်အတွက် တံတားတည်ဆောက်ပြီးစီးသွားပါက ပြည်သူများအနေဖြင့် သွားလာရေးလွယ်ကူအဆင်ပြေချောမွေ့စေပြီး ယာဉ်ကြောပိတ်ဆို့မှုများကို ယခုထက် ပိုမိုဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖလမ်းမြို့ FBC ဖလမ်းနှစ်ခြင်းအသင်းတော်ကျောင်း ဘက်စုံအသုံးပြုရန် အလှူငွေများလှူဒါန်း

**ဖလမ်း စက်တင်ဘာ ၁၅**

ဖလမ်းမြို့ ဇလိုင်ရပ်ကွက်ရှိ FBC ဖလမ်းနှစ်ခြင်း အသင်းတော်ကျောင်း ဘက်စုံအသုံးပြုရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ပြည်နယ် သယံဇာတဝန်ကြီးနှင့်အတူ အလှူငွေများ သွားရောက်လှူဒါန်းသည်။**(အောက်ပုံ)**

ထို့ပြင် နှစ်ခြင်းအသင်းတော်ဝင် မြို့သူမြို့သားများနှင့်အတူ တနင်္ဂနွေစုပေါင်းဝတ်ပြုဆုတောင်းပွဲတွင်ပါဝင်၍ ဝတ်ပြုဆုတောင်းသည်။

ဖလမ်းမြို့သည် နယ်မြေတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်နေပြီဖြစ်ကာ ဒေသနေ ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အစိုးရရုံးဌာနများ ပုံမှန်လည်ပတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ယမန်နေ့မှစ၍ ဖလမ်းမြို့တွင် MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ဖလမ်းမြို့ ပြည်သူများ၏ MPT SIM ကတ်များ ပြန်လည်အသုံးပြုနိုင်ရေး လိုအပ်ချက်များရှိပါက MPT Own shop ဝန်ထမ်းများက စက်တင်ဘာ ၁၅ ရက်မှစတင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရှိ မိုဘိုင်း စခန်းအမှတ် CHN00001 သည် ယမန်နေ့ နံနက် ၁၂ နာရီ ၁၂ မိနစ်တွင် VSAT ပေါ်မှတစ်ဆင့် ဆက်သွယ်မှုရရှိခဲ့ခြင်းဖြစ်ပြီး ဖလမ်းမြို့ပေါ်ရှိ မိုဘိုင်းစခန်းအမှတ် CHN00015 နှင့် တွန်းဇံမြို့ပေါ်ရှိ မိုဘိုင်းစခန်း CHN00150 တို့ ဆက်သွယ်မှုရှိစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖလမ်းမြို့နှင့် တွန်းဇံမြို့များတွင် ဆက်သွယ်ရေး (MPT) လိုင်းများ အမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့် တွန်းဇံမြို့များသို့ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## လှော်ကား ရေဝေရေလဲဒေသအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုး



**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကား ရေဝေရေလဲ ဒေသအတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့်ဌာနမှူးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင် ၃၀၀၊ ခရေပင် ၇၀၀၊ ပိတောက်ပင် ၃၀၀၊ ပျဉ်းမပင် ၃၀၀၊ မဟော်ဂနီပင် ၇၀၀နှင့် ပျဉ်းကတိုးပင် ၇၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စုToe Farm မွေးမြူရေးခြံရှိ မွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ ရင်းတိုက်ကွင်းကျေးရွာ၊ ကွင်းအမှတ် (၇၃၀) ရှိ လယ်၌ ဓာတုမြေဩဇာနှင့် သဘာဝ မြေဩဇာပေါင်းစပ်ထည့်သွင်းရေး ကွင်းသရုပ်ပြပွဲကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ဥတိုကျေးရွာအုပ်စု ဥတိုစိုက်ပျိုးမွေးမြူရေးစခန်း၊ ဖိုးခေါင်ကျေးရွာအုပ်စု ရွာသာကျေးရွာရှိ ပိုင်ရှင် ဦးမှတ်ဆိတ်၏ ဘဲမွေးမြူရေးခြံ၊ ဆင်စခန်း ကျေးရွာအုပ်စု ကန်သာယာကျေးရွာရှိ Crystal Diamond အသားစားကြက်ခြံ၊ တိုက်ကြီးမွေးမြူရေးဇုန်တွင် မြတ်မင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကြက်ခြံနှင့် ဝက်ခြံများ တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ မှော်ဘီမြို့နယ် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးလုပ်ငန်း၊ ကောင်းထက် အဆင့်မြင့်မွေးမြူရေး အစာတောင့်စက်ရုံ၊ ဒဂုံတက္ကသိုလ်၊ သန့်ရှင်းသာယာသပ်ရပ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစုကန်ဆောင်ရွက်နေမှုနှင့် မြေယာရှုခင်းပြုလုပ်ရန် နုန်းနှင့် သဲများ စုပ်ယူနေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

○ ***ရှေ့ဖုံးမှ***

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**



## တောင်ပိုင်းတောင်ခရီးစဉ်ဒေသ တောင်ပိုင်းချောင်းအတွင်း ငါးမျိုးများ စိုက်ထည့်

**ဘားအံ စက်တင်ဘာ ၁၃**
ဒေသတွင်း ငါးသယံဇာတပေါကြွယ်ဝပြီး ငါးစားသုံးမှု ဖူလုံပိုလျှံစေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း နှစ်စဉ် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ယမန်နေ့က ဘားအံမြို့၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော တောင်ပိုင်းတောင်ခရီးစဉ်ဒေသ တောင်ပိုင်းချောင်း အတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် တောင်ပိုင်းတောင်ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသသို့ လာရောက်လည်ပတ်ကြသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက တောင်ပိုင်းချောင်းအတွင်း ငါးခုံးမ၊ ငါးမြစ်ချင်းကောင်ရေ ၇၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့ပြင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူများပူးပေါင်း၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)ရှိ ကျောင်းသား ကျောင်းသူများ စာတွေ့၊ လက်တွေ့ သင်ကြား၊ သင်ယူမှုပြုနိုင်ရေးအတွက် ယခုဘဏ္ဍာနှစ်အတွင်း ဖြည့်တင်းထားသော EFI Trainer Board ၊ Petrol Engine Training Bench၊ 1NR–Fe Engine Control အစရှိသည့် စက်ပစ္စည်းကိရိယာများ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၁၃**
(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ရုံးများမှ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များသည် ယမန်နေ့က တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်များအား အာဟာရပြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

လှူဒါန်းရရှိသော သွေးအိတ်များကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆေးရုံအုပ်ကြီးထံပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်ကလည်း ဆေးရုံအုပ်ကြီးထံ ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် ၁၂၂ ဦး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟိုပုံး စက်တင်ဘာ ၁၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို စက်တင်ဘာ ၁၁ ရက်က ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် တပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပြည်သူ့ဆေးရုံ အတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးအတွက် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းရှိ အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရာ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သန့်ထင်စိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ နောင်တောင်းပရဟိတတပ်ဦးကျောင်းတွင်လည်း ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကျောင်းသန့်ရှင်းသာယာလှပစေရေးအတွက် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၃**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မှော်ဘီမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး စန်းထွေး၊ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး ရဲဖြိုး၊ အင်းစိန်မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် မေမြတ်မိုး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် လှိုင်သန်းနှင့် တပ်ဖွဲ့ဝင်များသည်



လည်းကောင်း၊ မြောက်ဥက္ကလာပမြို့မရဲစခန်းမှ ရဲအုပ် မျိုးကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် လင်းဇော်နှင့် သောင်ကြီးနယ်မြေရဲစခန်းမှ ရဲအုပ် ပြေအေးနှင့်အဖွဲ့သည်လည်းကောင်း၊ ဒလမြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေး(Home visit)ဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း စက်ဘီးဖြင့်လှည့်ကင်းဆောင်ရွက်ခြင်းနှင့် လူကူးမျဉ်းကျားမှ ပြည်သူများ လမ်းဖြတ်ကူးစေရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ကျော်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းမြင့်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ် မင်းဇော်ထက်နှင့် အဖွဲ့သည်လည်းကောင်း၊ မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မီးတန်းယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းနှင့် ကေတီဗွီဆိုင်အားစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်သူ၊ ဓာတ်ပုံ – တိုင်းရဲတပ်ဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**ထာဝရကုသိုလ်ရယူဖို့**
**သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# မိမိဒီဂျစ်တယ်ကိုယ်ပွား၊ လုံလုံခြုံခြုံကာကွယ်ထား

ရန်ကုန်မြို့၏ သာယာသော ညနေခင်းတစ်ခု ဖြစ်သည်။ နေရောင်ခြည် အနီရောင်သန်းစ ပြုချိန်ဖြစ်၍ ရပ်ကွက်ထဲရှိ လမ်းမများပေါ်တွင် သွားလာလှုပ်ရှားသူများဖြင့် စည်ကားလျက်ရှိသည်။ ရပ်ကွက်ထိပ်ရှိ ဒေါ်လှ၏ ကုန်စုံဆိုင်ရှေ့တွင်တော့ အမြဲတမ်းလိုလို ညနေခင်း လေညင်းခံရင်း စကားဝိုင်းဖွဲ့လေ့ရှိသည့် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဘ၊ အွန်လိုင်းမှတစ်ဆင့် အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ ရောင်းချနေသည့် အွန်လိုင်းဈေးသည်လေး မသီတာနှင့် နည်းပညာ ကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော လူငယ် မောင်ပီတိတို့ ရောက်ရှိနေကြသည်။

**မောင်ပီတိ**

ဒေါ်လှက ဆိုင်ရှေ့ရှိ ပလတ်စတစ်ကုလားထိုင်များကို နေရာချပေးရင်း “ကဲ.. ဆရာကြီးနဲ့ သီတာတို့ ထိုင်ကြဦး။ ဒီနေ့တော့ ရာသီဥတုက တော်တော်လေး ပူတယ်နော်။ မောင်ပီတိကော အလုပ်ကနေ အခုမှ ပြန်ရောက်တာလား” ဟု နှုတ်ဆက်လိုက်သည်။

မောင်ပီတိက လွယ်အိတ်ကိုချရင်း “ဟုတ်တယ် အန်တီလှရေ.. ဒီနေ့အလုပ်မှာ Meeting တွေများနေလို့ နည်းနည်းနောက်ကျသွားတာ” ဟု ပြန်ဖြေသည်။

ထိုအချိန်တွင် ဦးဘ၏ ကိုယ်ကျပ်အိတ်ကပ်ထဲမှ စမတ်ဖုန်းလေးထံမှ ‘တီ’ ဆိုသော အသံတစ်ခု ထွက်ပေါ်လာသည်။ ဦးဘက မျက်မှန်ကို သေချာတပ်ကာ ဖုန်းကို ထုတ်ကြည့်လိုက်သည်။ ဖန်သားပြင်ကို ကြည့်ရင်း ဦးဘ၏ မျက်မှန်အောက်မှ မျက်လုံးများ ကျယ်သွားပြီး မျက်နှာပေါ်တွင် အံ့ဩဝမ်းသာသည့် အရိပ်အယောင်များ ပေါ်လာသည်။

“မောင်ပီတိရေ... မင်း ဒီဖုန်းလေး နည်းနည်းလာကြည့်ပေးစမ်းပါဦးကွာ။ ငါ့ဖုန်းထဲကို မက်ဆေ့ချ်တစ်ခု ဝင်လာတယ်။ ‘လူကြီးမင်း၏ ဖုန်းနံပါတ်သည် ကံစမ်းမဲ သိန်း ၅၀ ပေါက်ပါသည်’ ဆိုလားပဲ။ လင့်(ခ်)လေးနှိပ်ပြီး ငွေလွှဲလက်ခံဖို့ KPay PIN လေး ထည့်ခိုင်းနေလို့။ ငါလည်း မျက်စိက သိပ်မကောင်းတော့ သေချာမမြင်ရဘူး ဖြစ်နေတယ်” ဟုဆိုကာ ဦးဘက ဖုန်းကို မောင်ပီတိထံသို့ လှမ်းပေးလိုက်သည်။

မောင်ပီတိက ဖုန်းကို လှမ်းယူကြည့်လိုက်ပြီးနောက် ချက်ချင်းပင် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ ဖုန်းကို ဦးဘထံ ပြန်ပေးလိုက်ပြီး “ဟာ...ဦးဘ၊ တော်သေးတာပေါ့ ကျွန်တော့်ကို အရင်ပြလို့။ ဒါ နိုင်ငံခြားကနေဖြစ်ဖြစ်၊ ပြည်တွင်းကဖြစ်ဖြစ် လိမ်စားနေတဲ့ လူလိမ်တွေပို့တဲ့ လင့်(ခ်)အတုခင်ဗျ။ ဦးဘသာ အဲဒီလင့်(ခ်)ကိုနှိပ်ပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ၊ PIN နံပါတ်တွေ ထည့်လိုက်ရင် ဦးဘအကောင့်ထဲက စုဆောင်းထားတဲ့ ပိုက်ဆံတွေ အကုန်ပါသွားတော့မှာ။ အခုခေတ်က အပြင်မှာ လူကိုယ်တိုင် လာလိမ်တာထက် ဖုန်းထဲကနေ လှမ်းလိမ်နေကြတာ ပိုများတယ်ဗျ။”

ဘေးနားတွင် ထိုင်နေသော မသီတာကလည်း ထိတ်လန့်သွားသည့်ဟန်ဖြင့် “ဟုတ်တယ် ဦးဘရဲ့။ သမီး သူငယ်ချင်းဆို ပြီးခဲ့တဲ့လကပဲ သူ့ဖေ့စ်ဘွတ်အကောင့် အဟက်ခံရလို့လေ။ သူ့ အကောင့်ကနေ သူငယ်ချင်းတွေဆီ ‘အရေးပေါ် ငွေလိုနေလို့ KPay ကနေ ငါးသောင်းလောက် လွှဲပေးပါ’ ဆိုပြီး လိုက်ချေးတာ။ တော်တော်လေး ပြဿနာတက်သွားတာ။ ဖုန်းတစ်လုံးကို သုံးတတ်ရုံနဲ့ မရတော့ဘူး၊ လုံခြုံအောင် ဘယ်လိုကာကွယ်ရမလဲဆိုတာပါ သိမှ ဖြစ်တော့မယ်” လို့ ဝင်ရောက်ထောက်ခံလိုက်သည်။

ဆိုင်ရှင် ဒေါ်လှကလည်း ကွမ်းယာထုပ်နေရင်းမှ




“အေးဟယ်.. ငါလည်းဆိုင်မှာ ပစ္စည်းဖိုး ရှင်းရင်ဖုန်းနဲ့ပဲ အမြဲရှင်းနေရတာဆိုတော့ နားထောင်ရင်းနဲ့ ကြက်သီးတောင် ထလာပြီ။ ကိုယ့်ဖုန်းထဲမှာက ဘဏ်အကောင့်တွေရော အကြွေးမှတ်ထားတဲ့ စာရင်းတွေကော အကုန်ရှိတာ” ဟု စိုးရိမ်တကြီး ဝင်ပြောသည်။

ဦးဘက ခေါင်းတညိတ်ညိတ်ဖြင့် “အေးကွာ... ငါတို့လို အသက်ကြီးတဲ့လူတွေက ဒီဖုန်းတွေကို သုံးသာသုံးနေတာ၊ ဘယ်လိုကာကွယ်ရမလဲဆိုတာ သေချာနားမှ မလည်တာ။ မင်းတို့ လူငယ်တွေက သိရင်လည်း ငါတို့ကို နားလည်အောင်၊ နေ့တိုင်း သတိထားလို့ရအောင် သေချာလေး ရှင်းပြကြဦးလေ” ဟု တောင်းဆိုလိုက်သည်။

မောင်ပီတိက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

“သေချာတာပေါ့ ဦးဘရဲ့။ ဖုန်းလုံခြုံရေးဆိုတာ တကယ်တော့ သိပ်ခက်ခဲတဲ့ ကိစ္စကြီး မဟုတ်ပါဘူး။ ကိုယ့်ရဲ့ နေ့စဉ်အကျင့်လေးတွေကို နည်းနည်း ပြင်လိုက်ရုံပါပဲ။ ဒီနေ့ခေတ်မှာ ဖုန်းတစ်လုံးရှိရုံနဲ့ အင်တာနက်အသုံးပြုပြီး အချင်းချင်းဆက်သွယ်တာ၊ သီချင်းနားထောင်တာ၊ ဇာတ်ကားကြည့်တာတွေအပြင် ငွေလွှဲငွေထုတ်တာနဲ့ ဈေးဝယ်တာတွေကိုပါ လွယ်လွယ်ကူကူနဲ့ လုပ်နိုင်လာပြီလေ။ ဟိုးအရင်တုန်းက ဖုန်းဆိုရင်“ဟယ်လို”လို့ နှုတ်ဆက်ပြီး ဖုန်းခေါ်ဖို့နဲ့ စာတိုပို့ဖို့အတွက်ပဲ အသုံးပြုခဲ့ကြပေမယ့် နည်းပညာတွေ အရှိန်အဟုန်နဲ့ တိုးတက်လာတဲ့ ဒီနေ့ခေတ်မှာတော့ မိုဘိုင်းဖုန်းက ဆက်သွယ်ရေးကိရိယာတစ်ခုအဖြစ်သာမကဘဲ ကျွန်တော်တို့ရဲ့ ငွေကြေးဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်တဲ့ “ဒီဂျစ်တယ်ပိုက်ဆံအိတ်” တစ်ခု ဖြစ်လာပါတယ်။”

မသီတာက “ဟုတ်တယ် မောင်ပီတိ။ အခုဆို သမီးတို့ ဈေးဝယ်ရင်လည်း ဖုန်းပဲ၊ ပိုက်ဆံလွှဲရင်လည်း ဖုန်းပဲ။ မှတ်ပုံတင် ဓာတ်ပုံတွေကအစ ဖုန်းထဲမှာပဲ သိမ်းထားတာ” ဟု ထောက်ခံသည်။

မောင်ပီတိက ဆက်လက်၍ “အဲဒါကြောင့်မို့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို သိမ်းဆည်းထားတဲ့ “ဒီဂျစ်တယ်မှတ်တမ်း” တစ်ခုနဲ့ နေ့စဉ်ဘဝရဲ့ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်လာပြီလေ။ ဒါပေမယ့် မိုဘိုင်းဖုန်းရဲ့ အရေးပါမှု မြင့်မားလာတာနဲ့အမျှ လုံခြုံရေးဆိုင်ရာ အန္တရာယ်တွေကလည်း တိုးပြီးဖြစ်လာပါတယ်။ ဖုန်းပျောက်ဆုံးတာတွေ၊ သူခိုးခိုးခံရတာတွေ၊ ဖုန်းထဲက ကိုယ်ရေးအချက်အလက်တွေ ခိုးယူခံရတာတွေ ဒါမှမဟုတ် အကောင့်တွေကို အလွဲသုံးစားလုပ်ခံရတာတွေ ကြုံလာပြီဆိုရင်တော့ ငွေကြေးဆုံးရှုံးမှုတွေသာမက ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ လုံခြုံမှု၊ မိသားစုနဲ့ လူမှုဂုဏ်သိက္ခာတွေကိုပါ ထိခိုက်စေနိုင်ပါတယ်။”

ဦးဘက သက်ပြင်းချကာ “အေးပါကွာ..ငါလည်း အခုမှပဲ သဘောပေါက်တော့တယ်။ ဒါဆို ငါတို့ဖုန်းတွေကို သူခိုး ဓားပြရန်ကနေ၊ အွန်လိုင်းက လူလိမ်တွေ ရန်ကနေ ဘယ်လိုကာကွယ်ရမလဲဆိုတာ သေချာလေးပြောပြပါဦး” ဟု မေးမြန်းလိုက်သည်။

မောင်ပီတိက ကိုယ်ဟန်ကို နည်းနည်းပြင်ထိုင်လိုက်ပြီး လည်ချောင်းရှင်းလိုက်ရင်း သေသေချာချာ စပြီး ရှင်းပြပါတော့သည်။

“ပထမဆုံးအနေနဲ့ ဒီဂျစ်တယ် ပိုက်ဆံအိတ် ဒါမှမဟုတ် ဒီဂျစ်တယ်ဘဏ်စာအုပ်ဖြစ်တဲ့ ကိုယ့်ရဲ့ လက်ကိုင်ဖုန်းကို အရေးပေါ်ဖုန်းဆက်ဖို့ဆိုပြီး အခြားသူတွေကို ငှားမပေးဖို့နဲ့ ဖုန်းပျက်လို့ ဖုန်းဆိုင်တွေကို အပ်ဖို့လိုလာပြီဆိုရင် ကိုယ့်ရဲ့မီဒီယာတွေနဲ့ အကောင့်တွေကို Log out လုပ်ဖို့နဲ့ စိတ်ချရပြီး ရင်းနှီးတဲ့ ဖုန်းဆိုင်ကိုသာ အပ်နှံပြီး ပြင်သင့်ပါတယ် ဦးဘနဲ့ အန်တီလှတို့ရေ။ ဒ့ါအပြင် အစိုးရနဲ့ ဆိုက်ဘာလုံခြုံရေး ပညာရှင်တွေက ပြည်သူတွေ အလွယ်တကူ မှတ်သားနိုင်အောင် PRI–FLOWS ဆိုတဲ့ လုံခြုံရေးအခြေခံမူလေးကို ချမှတ်ထားပါတယ်။ ဒီအချက်လေးတွေကို လိုက်နာရင် ဖုန်းလုံခြုံရေးအတွက် အများကြီးစိတ်ချရပြီ။ ဒါကြောင့် အားလုံး သိထားရမယ့် မိမိ မိုဘိုင်းဖုန်းကို ဘယ်လိုကာကွယ်ကြမလဲဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဒီ PRI–FLOWS အချက်လေးတွေနဲ့ အရေးကြီးတဲ့ အလေ့အကျင့်တွေကို တစ်ခါတည်းပေါင်းပြီး ရှင်းပြမယ်။”

မိမိ မိုဘိုင်းဖုန်းကို ဘယ်လိုကာကွယ်ကြမလဲ၊

မောင်ပီတိက လက်တစ်ချောင်းကို ထောင်ပြလိုက်ပြီး “ပထမဆုံး PRI–FLOWS ရဲ့ P ပါ။ P ဆိုတာ Password နဲ့ PIN တွေကို ပြောတာပါ။”

“လူအများစုက ဖုန်းသုံးရတာ လွယ်အောင်ဆိုပြီးဘာ Password မှ မခံထားကြဘူး။ အဲဒါက အိမ်တံခါးကို မပိတ်ဘဲ အပြင်ထွက်သွားသလိုပဲ။ ဒါကြောင့် ဖုန်းကို အသုံးမပြုချိန်တိုင်း အလိုအလျောက် ပိတ်ဖြစ်အောင်ထားပြီး ပြန်ဖွင့်ရာတွင် လျှို့ဝှက်နံပါတ် (PIN)၊ မျဉ်းဆွဲပုံစံ (Pattern) သို့မဟုတ် လက်ဗွေ (Fingerprint) စနစ် တစ်ခုခုကို မဖြစ်မနေ အသုံးပြုပါ။ ပြီးတော့ အဲဒီ လျှို့ဝှက်နံပါတ်တွေကို '1234' တို့၊ မိမိမွေးသက္ကရာဇ်တို့လို ခန့်မှန်းရလွယ်တာတွေ လုံးဝ မပေးရဘူး။”

ဦးဘက ခေါင်းကုတ်ရင်း “ငါ့ဖုန်းက 1234 ပဲ ဟေ့.. အခုပဲ ချက်ချင်း ပြောင်းမှပါ” ဟုဆိုကာ ဖုန်းကို ထုတ်၍ ကုတ်နံပါတ် ပြင်ဆင်လေသည်။

မောင်ပီတိက ပြုံး၍ ဆက်ပြောသည်။ “နောက်တစ်ခုက PRI–FLOWS ရဲ့ R ဖြစ်တဲ့ Regular check က ပုံမှန်စစ်ဆေးတာပါ။ App တွေက တောင်းတဲ့ ခွင့်ပြုချက်တွေကို စိစစ်ရမယ်။ ပြီးတော့ ဆော့ဖ်ဝဲတွေကို အမြဲ Update လုပ်ပေးရမယ်။ ပိုအရေးကြီးတာ တစ်ခုက ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို သိမ်းဆည်းတဲ့ကိစ္စပဲ။”

“တချို့က မေ့တတ်လို့ဆိုပြီး ဖုန်းထဲမှာ အရေးကြီးတဲ့ လျှို့ဝှက်နံပါတ်တွေကို ရေးမှတ်ထားတတ်ကြတယ်။ ဒါက အလွန်အန္တရာယ်များတယ်။ ကိုယ့်ရဲ့ KPay နံပါတ်တွေ၊ ဖေ့စ်ဘွတ် စကားဝှက်တွေကို ဖုန်းထဲက “မှတ်စု” ထဲမှာဖြစ်စေ၊ ဖုန်း Contact စာရင်းထဲမှာ နာမည်တုတစ်ခုပေးပြီးဖြစ်စေ မမှတ်ထားပါနဲ့။ မေ့တတ်တယ်ဆိုရင်တော့ မှတ်စုစာအုပ်ငယ်ထဲမှာသာ ချရေးထားပါ။ ဖုန်းပျောက်သွားရင် အဲ့ဒီဖုန်းထဲက မှတ်စုတွေကနေတစ်ဆင့် သူခိုးက အကောင့်တွေကို အလွယ်တကူ ဝင်နိုင်သွားလိမ့်မယ်။”

ဒေါ်လှက ဝင်၍ “အေးဟယ်.. အန်တီလည်း ငွေလွှဲတဲ့ PIN နံပါတ်ကို ဖုန်းထဲက Note ထဲမှာ မှတ်ထားတာ။ အခုပဲ ဖျက်ပစ်မှပါ” ဟုဆိုကာ သူ(မ)၏ ဖုန်းကို ကပျာကယာ နှိပ်လေသည်။

“ဟုတ်တယ် အန်တီလှ၊ အပြင် စာအုပ်လေးထဲမှာပဲ သေချာရေးပြီး အိမ်က သေတ္တာထဲ ထည့်ထားလိုက်ပါ။” ကဲ.. ဆက်ရအောင်။ I ကတော့ Inspection သေချာကြည့်ရှုစစ်ဆေးတာပါ။ အွန်လိုင်းကနေ ဖုန်းထဲကိုဝင်လာတဲ့ အီးမေးလ်တွေ၊ မက်ဆေ့ချ်တွေ၊ အသိပေးချက်တွေကို အပေါ်ယံကြည့်ပြီး မယုံဘဲ သေချာစစ်ရမယ်။ ဥပမာ – ဘဏ်က ပို့တယ်ဆိုရင်တောင် တရားဝင် အီးမေးလ်လိပ်စာ ဟုတ် မဟုတ်၊ စာလုံးပေါင်း မှားယွင်းနေတာ ရှိ မရှိ ကြည့်ရမယ်။ လိမ်တဲ့သူတွေက နာမည်ကို ခပ်ဆင်ဆင်လေးတွေ သုံးပြီး လှည့်စားတတ်ကြတယ်။ ဆော့ဖ်ဝဲစနစ်တွေနဲ့ အက်ပ်တွေကိုလည်း အမြဲမပြတ်ကြည့်ရှုစစ်ဆေးပြီး Update လုပ်ပေးဖို့ လိုပါတယ်။

PRI–FLOWS ရဲ့ F ကတော့ File လို့ခေါ်တဲ့ ဖိုင်တွေ၊ အချက်အလက်တွေဖြစ်ပါတယ်။ အင်တာနက် ဒါမှမဟုတ် မက်ဆေ့ချ်ကနေ ကိုယ်သေချာမသိတဲ့ ဖိုင် (File) တွေကို လွယ်လွယ်နဲ့ ဒေါင်းလုဒ် မလုပ်ဖို့ပါ။ အဲဒီဖိုင်တွေထဲမှာ ဖုန်းထဲက အချက်အလက်တွေကိုခိုးယူမယ့် ဗိုင်းရပ်စ် (Virus/Malware) တွေ ပါလာနိုင်တယ်။

“နောက်ထပ် အရေးကြီးဆုံးက L ပါ။ L ဆိုတာ Links တွေကို သတိထားဖို့။ ဥပမာ ခုနက ဦးဘဆီ ဝင်လာတဲ့စာမျိုး၊ မသိတဲ့ Viber နံပါတ်တွေကနေ နိုင်ငံခြားစာတွေနဲ့လာတဲ့ လင့်(ခ်)မျိုးတွေကို လုံးဝ မနှိပ်ရဘူး။ ဒါတွေက ဖုန်းထဲကို ဗိုင်းရပ်(စ်) သွင်းပြီး အချက်အလက်တွေ ခိုးယူမယ့် ထောင်ချောက်တွေပဲ။”

မသီတာက ဝင်ထောက်သည်။ “ဟုတ်တယ်နော်၊ အခုဆို Viber မှာ မသိတဲ့ နံပါတ်တွေကနေ လင့်(ခ်)တွေ ပို့ပို့လာတတ်တယ်။ သမီးတော့ အဲ့ဒါဆို အကုန်ဘလော့တာပဲ။”

*စာမျက်နှာ ၇ သို့*

❖ **လူမှုကွန်ရက်တွေပေါ်မှာ ကိုယ့်ရဲ့မှတ်ပုံတင်တွေ၊ ဘဏ်အကောင့်တွေ မတင်သင့်ဘူး။ ပြီးတော့ ဖုန်းထဲကိုဝင်လာတဲ့ ဂဏန်း ၆ လုံးပါတဲ့ တစ်ကြိမ်တစ်ခါသုံး လျှို့ဝှက်ကုတ် OTP (One Time Password) ကို ဘယ်သူက ဖုန်းဆက်တောင်းတောင်း လုံးဝမပေးရဘူး။ အစိုးရဝန်ထမ်း၊ ဘဏ်ဝန်ထမ်း ဘယ်သူမှ OTP ကို မတောင်းဘူးဆိုတာ မြဲမြဲမှတ်ထားပါ**

# စာပေ ကြိုးစားသင်ယူနေကြတဲ့ မောင်လေး၊ ညီမလေးတွေကို ပြောချင်တာက စာလေ့လာတဲ့အခါ တစ်နေ့စာ တစ်နေ့လုပ်ဖို့နဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့က အဓိကပါ

မအိမ့်ခြယ်ပိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။



မအိမ့်ခြယ်ပိုင် (ဘာသာစုံဂုဏ်ထူးရှင်၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)



မအိသူဖြိုး (ငါးဘာသာဂုဏ်ထူးရှင်၊ အမှတ်(၂၀)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)



မောင်သော်ဇင်ထွန်း (ဘာသာစုံဂုဏ်ထူးရှင်၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)



မနွေသံစဉ်ချို (သုံးဘာသာဂုဏ်ထူးရှင်၊ အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)



ဒေါ်မေယဉ်မွန် (ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)

ထိုသို့ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်သည် –

**မအိမ့်ခြယ်ပိုင် (ဘာသာစုံဂုဏ်ထူးရှင်၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မအနေနဲ့ ဒီလို အောင်မြင်မှုရရှိဖို့ အများကြီး ကြိုးစားခဲ့ရပါတယ်။ စာပေ ကြိုးစားသင်ယူနေကြတဲ့ မောင်လေး၊ ညီမလေးတွေကို ပြောချင်တာက စာလေ့လာတဲ့အခါ တစ်နေ့စာ တစ်နေ့လုပ်ဖို့နဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့က အဓိကပါ။ ကျွန်မက ဆေးဘက်ဆိုင်ရာမှာ ကျွမ်းကျင်တဲ့ Professional တစ်ယောက် ဖြစ်ချင်ပါတယ်။ ပြည်သူတွေကို အကျိုးပြု ဆေးကုသပေးပြီးတော့ နိုင်ငံတော်ကို အကျိုးပြုတဲ့ အနာဂတ်သမီးကောင်းရတနာ တစ်ယောက် ဖြစ်ချင်ပါတယ်။

အခုလို ထူးချွန်စွာအောင်မြင်ခဲ့တဲ့ သူတွေကို ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုပေးတဲ့အတွက် အနာဂတ်မှာ ပိုကောင်းတဲ့ လူတစ်ယောက်ဖြစ်အောင် ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်စေပါတယ်။ နောင် Grade – 12 ဖြေမယ့် ကျောင်းသား ကျောင်းသူတွေအတွက်လည်း အားဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။

**မအိသူဖြိုး (ငါးဘာသာဂုဏ်ထူးရှင်၊ အမှတ်(၂၀)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်မကတော့ စက်မှုအတတ်ပညာနဲ့ ထူးချွန်စွာ အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ခေတ်မီနည်းပညာပိုင်းတွေ လိုအပ်နေတဲ့အတွက် အဲဒီအပိုင်းတွေမှာ ပါဝင်ကြိုးစားလုပ်ဆောင်သွားမှာပါ။ အနာဂတ်ရည်မှန်းချက်ကတော့ အင်ဂျင်နီယာဘွဲ့ (B.E) ရအောင်ယူပြီး နိုင်ငံတော်ကို အကျိုးပြုသွားဖို့ ဖြစ်ပါတယ်။ မိဘနှစ်ပါးနဲ့အတူ ဒီလိုဂုဏ်ပြုပွဲ အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**မောင်သော်ဇင်ထွန်း (ဘာသာစုံဂုဏ်ထူးရှင်၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)**

Grade–12 စာမေးပွဲဆိုတာက စာမေးပွဲဖြေခါနီးမှ စာလေ့လာလို့ရတာမျိုးမဟုတ်ဘဲနှစ်စကတည်းကသေသေချာချာကြိုးစားမှ အောင်မြင်မှုရမယ့် စာမေးပွဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စာသင်နှစ်စကတည်းက စာကို သေချာကြိုးစားသင်ယူခဲ့ပါတယ်။ ဆရာ ဆရာမတွေ ပြောတာကို သေချာနားထောင် မှတ်သားခဲ့ပါတယ်။ အဲဒီလို ကြိုးစားမှုကြောင့် ဒီနေ့လိုအခမ်းအနားမှာ ပါဝင်တက်ရောက်ခွင့်ရခဲ့တယ်။

**မနွေသံစဉ်ချို (သုံးဘာသာဂုဏ်ထူးရှင်၊ အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်)**

အခုလိုထူးချွန်စွာအောင်မြင်ခဲ့တာကတော့ အဓိက ကြိုးစားချင်တဲ့စိတ်ကြောင့် ဖြစ်ပါတယ်။ တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ယောက် ဖြစ်ချင်ပါတယ်။ အခုလို ကျွန်မတို့ရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပြီး ဂုဏ်ပြုပွဲပြုလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ စာမေးပွဲဖြေဆိုကြမယ့်သူတွေကိုလည်း ဘယ်လို အခက်အခဲပဲရှိရှိ စိတ်ဓာတ်မကျဘဲ ကြိုးစားဖို့ အကြံပြုချင်ပါတယ်။

**ဒေါ်မေယဉ်မွန် (ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မတို့ကျောင်းကနေ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦးနဲ့ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ ပါဝင်ပါတယ်။ ကျွန်မတို့ကျောင်းကနေ ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ထွက်ပေါ်လာအောင် ဆရာ ဆရာမတွေက နှစ်စကတည်းက သင်ခန်းစာတွေကို စနစ်တကျ သင်ကြားပေးတဲ့အပြင် နံနက်ပိုင်းတွေမှာ အချိန်ပိုခေါ်ယူပြီးတော့လည်း သင်ကြားပေးပါ တယ်။ အခုနှစ်မှာလည်း နှစ်စကတည်းက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးစီမံချက်တွေ ရေးဆွဲဆောင်ရွက်နေပါတယ်။

**တွေ့ဆုံမေးမြန်း – အောင်ဂျိုင်း**
**ဓာတ်ပုံ – ဘိုပြည့်စုံ**

---

*စာမျက်နှာ ၆ မှ*

"မှန်တယ် မသီတာ။ နောက်တစ်ခု O ဆိုတာကတော့ OTP တွေကို ဂရုစိုက်ဖို့ပါ။ ဖုန်းထဲကိုဝင်လာတဲ့ တစ်ကြိမ်သုံးလျှို့ဝှက်ကုတ် OTP ဟာ ကိုယ့်ရဲ့နောက်ဆုံးခံတပ်ပဲ။ ဘဏ်ဝန်ထမ်း၊ အစိုးရဝန်ထမ်းအပါအဝင် ဘယ်သူကပဲ ဖုန်းဆက်တောင်းတောင်း လုံးဝမပေးရဘူးဆိုတာ သတိထားရမယ်။

လူမှုကွန်ရက်တွေပေါ်မှာ ကိုယ့်ရဲ့မှတ်ပုံတင်တွေ၊ ဘဏ်အကောင့်တွေ မတင်သင့်ဘူး။ ပြီးတော့ ဖုန်းထဲကိုဝင်လာတဲ့ ဂဏန်း ၆ လုံးပါတဲ့ တစ်ကြိမ်တစ်ခါသုံး လျှို့ဝှက်ကုတ် OTP (One Time Pass–word) ကို ဘယ်သူက ဖုန်းဆက်တောင်းတောင်း လုံးဝမပေးရဘူး။ အစိုးရဝန်ထမ်း၊ ဘဏ်ဝန်ထမ်း ဘယ်သူမှ OTP ကို မတောင်းဘူးဆိုတာ မြဲမြဲမှတ်ထားပါ။"

"နောက်တစ်ခု W ကတော့ WiFi လုံခြုံရေးပါ။ အပြင်ရောက်တဲ့အခါ ကော်ဖီဆိုင်တွေ၊ ကားဂိတ်တွေမှာ Free WiFi ရရင် အလွယ်တကူသုံးပြီး ငွေလွှဲတာမျိုး၊ အရေးကြီးတဲ့ အကောင့်ဝင်တာမျိုး လုံးဝမလုပ်သင့်ဘူး။ သူခိုးတွေက အဲဒီလုံခြုံမှုမရှိတဲ့ WiFi ကနေတစ်ဆင့် ကိုယ့်အချက်အလက်တွေကို ကြားဖြတ်ခိုးယူသွားနိုင်တယ်။"

"နောက်ဆုံး S ကတော့ Share လို့ခေါ်တဲ့ မျှဝေတာကို သတိထားဖို့ပါ။ အွန်လိုင်းလူမှုကွန်ရက်တွေပေါ်မှာ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ၊ မှတ်ပုံတင်၊ ဘဏ်အကောင့် စာရွက်စာတမ်းတွေ၊ ခရီးသွားမယ့်အစီအစဉ်တွေနဲ့ နေရပ်လိပ်စာတွေကို အလွန်အကျွံ မျှဝေတာတွေကို အထူးသတိထား ဆင်ခြင်ဖို့ပါ။ လိမ်လည်သူတွေက ကိုယ်မျှဝေလိုက်တဲ့ အချက်အလက်တွေကိုသုံးပြီး ခြေရာခံလိမ်လည်နိုင်လို့ပါ။"

စကားဝိုင်းမှာ ခဏတာ တိတ်ဆိတ်သွားသည်။ အားလုံးက မောင်ပီတိပြောပြသည့် အချက်များကို ခေါင်းထဲတွင် စဉ်းစားမှတ်သားနေကြသည်။ ထိုစဉ် ဒေါ်လှက စိုးရိမ်တကြီးဖြင့် မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"မောင်ပီတိရယ်.. မင်းပြောတဲ့အတိုင်း အန်တီတို့ကတော့ သတိထားပါ့မယ်။ ဒါပေမယ့် လူဆိုတာ သတိလွတ်တတ်တဲ့ အချိန်ရှိတယ်လေ။ အပြင်သွားရင်း ကားပေါ်မှာ ဖုန်းအခိုးခံရတာမျိုး၊ ဒါမှမဟုတ် ဈေးထဲမှာ ဖုန်းကျန်ခဲ့တာမျိုး တကယ်လို့ ဖြစ်သွားခဲ့ရင် ဘယ်လိုလုပ်ရမလဲ။ ဖုန်းထဲက ငွေတွေ၊ အချက်အလက်တွေ အကုန်ပါသွားပြီလား"

မောင်ပီတိက ဒေါ်လှကို စိတ်အေးစေရန် ပြုံးပြလိုက်ပြီး "အန်တီလှ အလွန်မပူပါနဲ့။ အဲ့ဒီလို အခြေအနေမျိုးကြုံလာခဲ့ရင် ချက်ချင်းလုပ်ရမယ့် အရေးပေါ်အဆင့်တွေ ရှိပါတယ်။"

"တကယ်လို့ ဖုန်းပျောက်ဆုံးသွားခဲ့ရင်တော့ ဒီအချက်တွေကို ချက်ချင်းလုပ်ဖို့တော့ လိုလိမ့်မယ် အန်တီလှရေ –

◆ ပထမဆုံးအနေနဲ့ ကိုယ်သုံးနေတဲ့ ဘဏ်/KPay/AYA Pay/Wave Pay စတဲ့ မိုဘိုင်းသုံးဘဏ်အကောင့်တွေရဲ့ သက်ဆိုင်ရာ Call Center ကို ချက်ချင်းဆက်သွယ်ပြီး အကောင့်ကို ပိတ်ခိုင်းပါ။ (ဒီအတွက် ကိုယ့်မိသားစုဝင်တွေ ဒါမှမဟုတ် မိတ်ဆွေတွေရဲ့ဖုန်းကို အမြန်ငှားပြီး ဆက်ရပါမယ်။ )

◆ ဒုတိယအချက်အနေနဲ့ ကိုယ်သုံးနေတဲ့ ဖုန်း ဆင်းမ်ကတ်(Atom, MPT, Mytel, Ooredoo) ရဲ့ ရုံးဌာနကို သွားရောက်ပြီး ဆင်းမ်ကတ်ကို ပိတ်ခိုင်းပါ။ အဲဒီလိုဆင်းမ်ကတ်ကိုပါ ပိတ်လိုက်ပြီဆိုရင် လူလိမ်တွေက OTP ကုတ်တွေကို ထပ်ပြီးသုံးနိုင်တော့မှာ မဟုတ်ပါဘူး။ OTP မရရင် သူတို့ငွေလွှဲလို့လည်း မရတော့ပါဘူး။"

ဦးဘက အားရပါးရ ခေါင်းညိတ်လိုက်ပြီး "ဟာ.. ရှင်းသွားပြီကွာ။ ဒီလိုအရေးပေါ် ဘယ်လိုလုပ်ရမလဲဆိုတာကို သိထားတော့ စိတ်နည်းနည်းအေးသွားတာပေ့ါ။ ငါတို့က ဖုန်းပျောက်ရင် အကုန်ပါသွားပြီလို့ပဲ ထင်နေကြတာကိုး" ဟု ဆိုသည်။

ညနေစောင်း လေညင်းလေးက ဆက်တိုက်တိုက်ခတ်နေပြီး ဒေါ်လှဆိုင်ရှေ့က စကားဝိုင်းလေးကတော့ ဖုန်းလုံခြုံရေး အသိပညာတွေနဲ့အတူ နွေးထွေးစွာ ဆက်လက်လည်ပတ်နေပါတော့သည်။ ရပ်ကွက်ထဲရှိ ကလေးငယ်များ၏ ခြင်းလုံးခတ်သံများ၊ လမ်းသွားလမ်းလာများ၏ စကားသံများ အကြားတွင် သူတို့လေးဦး၏ ဆွေးနွေးမှုသည် အလွန်အကျိုးရှိလှပေသည်။

မောင်ပီတိက နိဂုံးချုပ်အနေဖြင့် "ဦးဘ၊ အန်တီလှနဲ့ မသီတာတို့ရေ.. အမြဲတမ်းသတိရနေရမယ့် အချက်လေးတစ်ခုကို ထပ်ပြောပြချင်ပါတယ်။ ဒီနေ့ခေတ်မှာ "မိုဘိုင်းဖုန်း" ဆိုတာက စကားပြောဆက်သွယ်ရေးကိရိယာတစ်ခုတည်း မဟုတ်တော့ဘဲ ကျွန်တော်တို့ရဲ့ ငွေကြေးအချက်အလက်တွေ၊ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်တွေနဲ့ ဒီဂျစ်တယ်ဘဝတစ်ခုလုံးကို သယ်ဆောင်ထားတဲ့ အရေးကြီးလှတဲ့ "ဒီဂျစ်တယ်ကိုယ်ပွား" တစ်ခုဖြစ်နေပါပြီ။ ဒါကြောင့် ဖုန်းလုံခြုံရေးကို ဂရုမစိုက်ဘဲ လျစ်လျူရှုခြင်းက ကိုယ့်ရဲ့ငွေကြေးနဲ့ ဂုဏ်သိက္ခာကို အန္တရာယ်ထဲကို ပို့နေတာနဲ့တူပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲက လူတွေအားလုံး ဒီ PRI–FLOWS နည်းလမ်းလေးတွေနဲ့ အခုပြောပြခဲ့တဲ့ အချက်လေးတွေကို အမြဲသတိထားပြီး လိုက်နာမယ်ဆိုရင် ကိုယ့်ရဲ့ 'ဒီဂျစ်တယ်ကိုယ်ပွား' လေးကို လုံလုံခြုံခြုံနဲ့ စိတ်ချမ်းချမ်းသာသာ အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်" ဟု ပြောကြားလိုက်သည်။

ဦးဘက သူ၏စမတ်ဖုန်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ကျေနပ်စွာ ပြုံးလိုက်သည်။ သူ၏ "1234" ဆိုသော လျှို့ဝှက်ကုတ်ကို သူသာ သိသည့် ခက်ခဲသောနံပါတ်တစ်ခုသို့ ပြောင်းလဲပြီးဖြစ်ကြောင်း၊ တော်ရုံတန်ရုံ လင့်(ခ်)များကိုလည်း မနှိပ်တော့ကြောင်း သူ့ကိုယ်သူကတိပေးလိုက်သည်။

တကယ်တော့ နည်းပညာဆိုတာ အလှမ်းဝေးတဲ့ အရာမဟုတ်ဘဲ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝထဲမှာ သတိလေးနည်းနည်းထားပြီး စနစ်တကျ အသုံးပြုတတ်ရင် အင်မတန်အကျိုးရှိတဲ့ အရာတစ်ခုဖြစ်ကြောင်း ဒီရပ်ကွက်လေးထဲက လူတွေလည်း ကောင်းကောင်းကြီး နားလည်သွားကြပါပြီ။ ။



## မကွေးတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်)ဖွင့်ပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၁၃

**မကွေးတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ပြိုင်ပွဲကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ဝါသနာရှင် (ပထမတန်း)၊ (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀ အတွင်း) ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဖောင်းပြင်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက် လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ ပန်းဖွားအကအလှဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**သတင်းစဉ်**





(၆၂) နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏအောင်၊ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က အမှတ်(၁) ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီးကျော်ဝင်း ဦးဆောင်၍ ဒုတိယရဲအုပ်ဖြိုးမြတ်စံနှင့် တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ သစ်တပွေရပ်ကွက် အေးသီတာဘိုးဘွားရိပ်သာ အတွင်း/အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ စိုးကြီး(ပြန်/ဆက်)

## ဧဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ဧဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်း စီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ဧဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့်ဧဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည် ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

**ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မိုင်းယန်း စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ရပ်ရွာအေးချမ်းသာယာ



ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၁ ရက်နံနက် ၉ နာရီက ဟော်ကန်ရပ်ကွက်အတွင်းရှိ မြို့မအားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းက အစိုးရတာဝန်ရှိသူများနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်သည့် အကြောင်းအရာများဖြင့် လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးက မိမိမြို့နယ်အတွင်း အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးက ကဏ္ဍအလိုက် ဆွေးနွေးပေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထူး**

## ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပန်းတောင်း စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**





ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မိုင်းနောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇော်ဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စူဠာမဏိစေတီနှင့်ဘုရားရင်ပြင် အတွင်း၊ အပြင် ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်သိမ်းခြင်း၊ တံမြက်စည်းလှဲခြင်းများကို စုပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး စိုးမြင့်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား ၁၅၀ တို့သည် စက်တင်ဘာ ၁၂ ရက်က ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်ဆေးရုံ၌ ဆေးရုံပရဝဏ်အတွင်း အမှိုက်သရိုက်များ သိမ်းဆည်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်စဉ်။

ဝဏ္ဏထွန်း (ပြန်/ဆက်)





ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းသိန်းနှင့် တပ်ဖွဲ့ဝင် စုစုပေါင်း ၅၃ ဦးတို့က အမှိုက်သရိုက် များ သိမ်းဆည်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြစဉ်။

ခွန်ရဲထွေး



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝဏ္ဏ၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်၄၂ ဦးတို့က ဆေးရုံဝင်းလမ်းဘေး ဝဲ/ယာရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က အထက(၂) ကျောင်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဆန်းညွန့် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိ အမှိုက်များ၊ မြက်ပင်များ၊ သစ်ပင်ချုံနွယ်များ၊ မီးကြိုးခတ်ကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့်ရေမြောင်းများ ပြုပြင်ခြင်း၊ စာသင်ခန်းအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။

ရာမည(ပြန်/ဆက်)

# မကွေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**မကွေး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် သိင်္ဂါဂီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို မကွေးမြို့ သိင်္ဂါဂီရိရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မကွေးမြို့နယ် ဥပဒေအရာရှိ ဦးအောင်မြတ်သူနှင့် သိင်္ဂါဂီရိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွေးတို့က ရပ်ကွက်နေပြည်သူ ၁၅၀ ခန့်အား သိသင့်သိထိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချခဲ့သည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



# ကြို့ပင်ကောက်မြို့နယ်ရှိ ကျေးရွာငါးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

**ကြို့ပင်ကောက် စက်တင်ဘာ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာငါးရွာ၌ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

"အဲဒီစီမံချက်လုပ်ငန်းတွေထဲက ပထမဦးစားပေးလုပ်ငန်းကို ကျွန်မတို့ ဦးစီးဌာနက ငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ပေးပြီး ကျေးရွာရဲ့ ငွေထည့်ဝင်မှု လုပ်အားထည့်ဝင်မှုတွေနဲ့ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ယခုဘဏ္ဍာနှစ်အတွင်း ရက်(၁၀၀) စီမံချက်ဖြင့် ထောက်ကြံ့တောကျေးရွာ၌ စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၃၃ ဒသမ ၄ သိန်း စုစုပေါင်း ငွေကျပ် ၁၈၃ ဒသမ ၄ သိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်မံ၍ ကျွန်းကုန်း၊ စိန်တွင်းမြိုင်၊ ရွာသစ်၊ ဆိတ်ချိုးကုန်း၊ ကျေးတောစသည့်ကျေးရွာ ငါးရွာတွင် စီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စန်းနိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင် ဦးစီးသည့် ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(မိတ္ထီလာ)မှ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ခွဲ(မိတ္ထီလာ)မှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၃ ရက်က ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ မြက်ပင်များ၊ နွယ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းများ ပြုလုပ်စဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကုလားကုန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မှော်ဘီအမှတ်(၅)လုံခြုံရေးရဲတပ်ဖွဲ့ ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး သိန်းဇော်ကြီးကြပ်မှုဖြင့် အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအပါ ၁၆၃ ဦးတို့သည် ကျောင်းဝင်းအတွင်း တံမြက်စည်းလှဲခြင်း၊ အမှိုက်များ ကောက်ယူခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းနှင့် နွယ်မြက်များ ရှင်းလင်းပေးစဉ်။

ကောင်းမြတ်သူ(မှော်ဘီ)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာအုပ်စုရှိ ဓမ္မဝိဟာရဘိုးဘွားရိပ်သာတွင် စက်တင်ဘာ ၁၃ ရက်က မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် တပ်ဖွဲ့ဝင်မိသားစုများက ကျောင်းဝင်းအတွင်းနှင့်စေတီအနီးတို့တွင် အမှိုက်များ၊ မြက်ပင်များနှင့် သစ်ပင်ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ရိတ်စက်ဖြင့် ရိတ်ခြင်း၊ ပလတ်စတစ်အိတ်များ ကောက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြစဉ်။ လှိုင်မင်းအောင် (ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှချို ဦးဆောင်၍ ရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် သတင်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အင်အား ၅၀ တို့က မြက်ပင်ချုံနွယ်များ ခုတ်ထွင်ခြင်း၊ စွန့်ပစ်အမှိုက်များအား ရှင်းလင်းခြင်းတို့ကိုဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၁၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်လှိုင် ဦးစီး၍ တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ မြက်များ၊ ချုံနွယ်များနှင့် အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ချစ်စုဝေ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် သန်လျင်တံတား ချဉ်းကပ်လမ်းရှိ ၁၀၈ တောင်မဟာဗောဓိစွယ်တော်ရှင်စေတီတော်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်ဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၆၃ ဦးတို့က စေတီတော်ရင်ပြင်တော်အား ဆေးကြောခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ ကောက်ယူခြင်းစသည့် စေတီတော်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဝင်းကျော်ကျော်



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၂၄) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး စည်သူကျော်နှင့် တပ်ဖွဲ့ဝင်များစုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးစီး၍ ၂၀၂၆ ခုနှစ် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၃ ရက်က လွိုင်လင်မြို့ အမှတ်(၄) ရှိ တပ်ဦးရတနာစည်စာသင်တိုက်၌ ဆောင်ရွက်စဉ်။ လွိုင်လင်မိုး



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၁၃ ရက်က ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝဏ္ဏအောင်၊ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုသန်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# မသန်စွမ်းမှုနှင့် တန်းတူပါဝင်ခွင့် အပိုင်း (၁)

## လူတစ်ဦး၏ ချို့ယွင်းအားနည်းချက်သည် မသန်စွမ်းမှုဖြစ်ပါသလား

**အမြင်အာရုံမသန်စွမ်းသူတစ်ဦးသည် တက္ကသိုလ်ဝင်ခွင့်အတွက် လိုအပ်သည့်အရည်အချင်းများ ပြည့်မီသည်ဟု ဆိုကြပါစို့။ သို့ရာတွင် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာကို စာရွက်ပေါ်တွင်သာဖြည့်ရပြီး သင်ခန်းစာများကို အသံထွက်နည်းပညာဖြင့် အသုံးပြုနိုင်သည့် စာဖိုင်အဖြစ် စီစဉ်ထားခြင်းမရှိပါ။ စာမေးပွဲဖြေဆိုနိုင်မည့် သင့်လျော်သော နည်းလမ်းလည်းမရှိပါ။**

မင်းသုတ (မနုဖြူ)

ထိုအခြေအနေတွင် ပညာသင်ယူခွင့်ကို ဟန့်တားနေသည့် အကြောင်းရင်းမှာ အမြင်အာရုံ အခြေအနေတစ်ခုတည်းကြောင့်လား၊ သို့မဟုတ် လူတိုင်းပါဝင်နိုင်အောင် ပညာရေးစနစ်ကို မစီစဉ်ထားခြင်းကြောင့်လားဟူ၍ မေးခွန်းထုတ်ရမည်ဖြစ်သည်။

**ချို့ယွင်းအားနည်းချက်နှင့် မသန်စွမ်းမှုမတူညီပါ**

ချို့ယွင်းအားနည်းချက်ဆိုသည်မှာ ခန္ဓာကိုယ်၏ ဖွဲ့စည်းပုံ သို့မဟုတ် လုပ်ဆောင်နိုင်စွမ်းတွင် သိသာသောကွဲလွဲမှု သို့မဟုတ် ဆုံးရှုံးမှုရှိခြင်းကို ဆိုလိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ဆောင်နိုင်စွမ်း၊ မသန်စွမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာ အမျိုးအစားခွဲခြားမှုတွင်လည်း ဤသဘောအတိုင်း ဖော်ပြထားသည်။ မြင်နိုင်စွမ်း သို့မဟုတ် ကြားနိုင်စွမ်းလျော့နည်းခြင်းနှင့် ကိုယ်အင်္ဂါလှုပ်ရှားမှုအကန့်အသတ်ရှိခြင်းတို့သည် ချို့ယွင်းအားနည်းချက်နှင့် သက်ဆိုင်သည်။

သို့သော် ချို့ယွင်းအားနည်းချက်ရှိခြင်းကြောင့် လူတစ်ဦး၏အသိဉာဏ်၊ ကြိုးစားအားထုတ်နိုင်စွမ်းနှင့် လူ့ဂုဏ်သိက္ခာ လျော့နည်းသွားသည်ဟု မဆိုနိုင်ပါ။ အမြင်အာရုံမသန်စွမ်းသူသည် မှတ်သားနိုင်စွမ်းနိမ့်ပါးသူမဟုတ်သကဲ့သို့ အကြားအာရုံမသန်စွမ်းသူသည်လည်း ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းမရှိသူမဟုတ်ပေ။ ခန္ဓာကိုယ်၏ လုပ်ဆောင်ချက်တစ်ရပ်တွင် အကန့်အသတ်ရှိခြင်းကို လူတစ်ဦး၏စွမ်းရည်အားလုံးနှင့် ရောထွေးသတ်မှတ်ခြင်းမှာ မှားယွင်းသောယူဆချက်ဖြစ်သည်။

> **❝ ချို့ယွင်းအားနည်းချက်ရှိခြင်းကြောင့် လူတစ်ဦး၏အသိဉာဏ်၊ ကြိုးစားအားထုတ်နိုင်စွမ်းနှင့် လူ့ဂုဏ်သိက္ခာလျော့နည်းသွားသည်ဟု မဆိုနိုင်ပါ။ အမြင်အာရုံမသန်စွမ်းသူသည် မှတ်သားနိုင်စွမ်းနိမ့်ပါးသူမဟုတ်သကဲ့သို့ အကြားအာရုံမသန်စွမ်းသူသည်လည်း ကိုယ်တိုင်ဆုံးဖြတ်နိုင်စွမ်းမရှိသူမဟုတ်ပေ။ ခန္ဓာကိုယ်၏ လုပ်ဆောင်ချက်တစ်ရပ်တွင် အကန့်အသတ်ရှိခြင်းကို လူတစ်ဦး၏စွမ်းရည်အားလုံးနှင့် ရောထွေးသတ်မှတ်ခြင်းမှာ မှားယွင်းသောယူဆချက်ဖြစ် ❞**

မသန်စွမ်းမှုဟူသည် ချို့ယွင်းအားနည်းချက်တစ်ခုတည်းကို ရည်ညွှန်းခြင်းမဟုတ်ပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ မသန်စွမ်းမှုတွင် ချို့ယွင်းအားနည်းချက်၊ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲများနှင့် လူမှုဘဝတွင် ပါဝင်ခွင့်ကန့်သတ်ခံရခြင်းတို့ ပါဝင်သည်။ ယင်းအခြေအနေများသည် လူတစ်ဦး၏ ကျန်းမာရေးအခြေအနေ၊ တစ်ဦးချင်း၏ဘဝနောက်ခံနှင့်အခြေအနေများ၊ ပတ်ဝန်းကျင်ရှိ အတားအဆီးများ အပြန်အလှန်သက်ရောက်ရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဥပမာအားဖြင့် အမြင်အာရုံမသန်စွမ်းသူတစ်ဦးအတွက် ပုံနှိပ်စာအုပ်ကို မျက်စိဖြင့် တိုက်ရိုက်ဖတ်ရှုနိုင်ခြင်းမရှိသည်မှာ စာဖတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲဖြစ်သည်။ သို့သော် စာဖတ်နည်းပညာဖြင့် အသုံးပြုနိုင်သည့် စာဖိုင်မစီစဉ်ပေးခြင်းကြောင့် ပညာသင်ယူခွင့်ဆုံးရှုံးရပါက လူမှုဘဝတွင် ပါဝင်ခွင့်ကန့်သတ်ခံရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပုံနှိပ်စာအုပ်ကို မျက်စိဖြင့် တိုက်ရိုက်မဖတ်ရှုနိုင်ခြင်းနှင့် ပညာသင်ခွင့်ဆုံးရှုံးခြင်းသည် တစ်ထပ်တည်း မဟုတ်ပေ။ အသုံးပြုနိုင်သည့် စာဖိုင်စီစဉ်ပေးပါက စာဖတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲရှိနေသော်လည်း ပညာသင်ယူခွင့်ကို ဆက်လက်ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦး၏အခက်အခဲနှင့် ပတ်ဝန်းကျင်၏ စီစဉ်ပေးမှုအားနည်းချက်တို့ကို ခွဲခြားနားလည်မှသာ ဖြေရှင်းရမည့်နေရာကို မှန်ကန်စွာ ဖော်ထုတ်နိုင်မည်ဖြစ်သည်။

**တူညီသော ချို့ယွင်းအားနည်းချက်၊ မတူညီသော အတွေ့အကြုံ**

ဘီးတပ်ကုလားထိုင်အသုံးပြုသူတစ်ဦး ရုံးတစ်ရုံးသို့ သွားရောက်ရာတွင် လှေကားသာရှိပြီး လျှောလမ်း သို့မဟုတ် ဓာတ်လှေကားမရှိပါက အဆောက်အအုံက အတားအဆီးဖြစ်လာသည်။ လျှောလမ်း သို့မဟုတ် ဓာတ်လှေကားစီစဉ်ထားပါက ထိုသူ၏ ကိုယ်ကာယအခြေအနေ မပြောင်းလဲသော်လည်း ရုံးဝန်ဆောင်မှုကို ကိုယ်တိုင်ရယူနိုင်မည်ဖြစ်သည်။

အလားတူ အမြင်အာရုံမသန်စွမ်းသူတစ်ဦးသည် အသံထွက်နည်းပညာဖြင့် အသုံးပြုနိုင်သည့် စာဖိုင်ရရှိလျှင် သတင်းအချက်အလက်ကို ကိုယ်တိုင်လေ့လာနိုင်သည်။ အကြားအာရုံမသန်စွမ်းသူအတွက်စာသား၊ စာတန်းထိုး သို့မဟုတ် လက်သင်္ကေတပြ ဘာသာစကားဖြင့် ဖော်ပြပေးခြင်းက လိုအပ်သည့်အချက်အလက်များ ရရှိစေသည်။ ဉာဏ်ရည်မသန်စွမ်းသူအတွက် နားလည်လွယ်သော စကားဖြင့် ရှင်းပြပေးခြင်းက ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်နိုင်မှုကို အားကောင်းစေသည်။

ဤဥပမာများတွင် ချို့ယွင်းအားနည်းချက် ပျောက်ကင်းသွားခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင် အတားအဆီးလျော့နည်းလာခြင်းကြောင့် ပါဝင်ဆောင်ရွက်နိုင်မှု ကောင်းမွန်လာခြင်း ဖြစ်သည်။ တူညီသော ချို့ယွင်းအားနည်းချက်ရှိသူနှစ်ဦးပင် နေထိုင်ရာဒေသ၊ ပညာရေး၊ ဝင်ငွေ၊ နည်းပညာနှင့် မိသားစုအထောက်အပံ့ မတူညီနိုင်သဖြင့် အတွေ့အကြုံနှင့် လိုအပ်ချက်များလည်း ကွာခြားနိုင်သည်။

**အတားအဆီးမှာ လှေကားထစ်တစ်ခုတည်းမဟုတ်**

ပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးဟုဆိုရာတွင် လှေကားထစ်များ၊ လမ်းပေါ်ရှိ အတားအဆီးများနှင့် အသုံးပြုရခက်ခဲသည့် သယ်ယူပို့ဆောင်ရေးစနစ်တို့သာ ပါဝင်သည်မဟုတ်ပေ။ သတင်းအချက်အလက်ကို ပုံစံတစ်မျိုးတည်းဖြင့် ထုတ်ပြန်ခြင်း၊ လက်သင်္ကေတပြ ဘာသာစကား စကားပြန် မစီစဉ်ပေးခြင်းနှင့် အသံထွက်နည်းပညာဖြင့် အသုံးပြု၍မရသည့် စာရွက်စာတမ်းများကိုသာ ဖြန့်ဝေခြင်းတို့သည်လည်း အတားအဆီးများ ဖြစ်သည်။

ထို့ပြင် မသန်စွမ်းသူဖြစ်လျှင် အလုပ်မလုပ်နိုင်၊ ကိုယ်တိုင်မဆုံးဖြတ်နိုင်ဟု ကြိုတင်ယူဆခြင်းသည် စိတ်သဘောထားဆိုင်ရာ အတားအဆီးဖြစ်သည်။ အရည်အချင်းမစစ်ဆေးဘဲ အလုပ်လျှောက်လွှာ ပယ်ချခြင်းနှင့် စာမေးပွဲဖြေဆိုပုံကို တစ်မျိုးတည်းသာ သတ်မှတ်ခြင်းတို့မှာ စည်းမျဉ်းစနစ်ဆိုင်ရာ အတားအဆီးများဖြစ်သည်။ ထိုအတားအဆီးများကို ဖော်ထုတ်နိုင်မှသာ ပြဿနာ၏ အရင်းအမြစ်ကို ပြုပြင်နိုင်မည်ဖြစ်သည်။

**မသန်စွမ်းမှုအပေါ် ရှုမြင်ပုံ ပြောင်းလဲလာခြင်း**

ယခင်က မသန်စွမ်းမှုကို လူတစ်ဦး၏ ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်ကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာအဖြစ် အဓိကရှုမြင်ခဲ့ကြသည်။ ထို့ကြောင့် ဆေးကုသခြင်း၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးခြင်းနှင့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို အလေးထားခဲ့ကြသည်။ ယင်းတို့သည် အရေးကြီးသော်လည်း လူမှုဘဝတွင် မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးအားလုံးကို ထိုနည်းလမ်းများဖြင့်သာ ဖယ်ရှားနိုင်မည်မဟုတ်ပေ။

ထို့နောက် ပေါ်ပေါက်လာသည့် လူမှုရေးရှုထောင့်ကမူ မသန်စွမ်းသူတစ်ဦး၏ အခြေအနေကိုသာ အပြစ်ပုံမချဘဲ ထိုသူ၏ ပါဝင်ခွင့်ကို ဟန့်တားနေသည့် ပတ်ဝန်းကျင်၊ စည်းမျဉ်းစနစ်နှင့် စိတ်သဘောထားများကို ပြန်လည်သုံးသပ်လာသည်။ လူ့အခွင့်အရေးရှုထောင့်ကလည်း မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ရမည့်သူများအဖြစ်သာ မမြင်ဘဲ လူ့ဂုဏ်သိက္ခာ၊ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ခွင့်နှင့် တန်းတူပါဝင်ခွင့်ရှိသည့် ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြုသည်။ ထို့ကြောင့် တစ်ဦးချင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် ပတ်ဝန်းကျင်ရှိ အတားအဆီးများကို ဖယ်ရှားခြင်းတို့ကို တစ်ပြိုင်နက် ဆောင်ရွက်ရမည်ဖြစ်သည်။

**မြန်မာ့ဥပဒေက မည်သို့ အဓိပ္ပာယ်ဖွင့်ထားသနည်း**

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) အရ မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဖြစ်စေ၊ မွေးရာပါမဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရေရှည်ခံစားနေရသူကို ဆိုလိုသည်။

ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) ကမူ မသန်စွမ်းမှုကို ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်းဟု အဓိပ္ပာယ်ဖွင့်ထားသည်။ တစ်နည်းအားဖြင့် မသန်စွမ်းသူကို ဖော်ပြရာတွင် ရေရှည်ချို့ယွင်းအားနည်းချက်ကို ထည့်သွင်းစဉ်းစားပြီး မသန်စွမ်းမှုကို ဖော်ပြရာတွင် ပတ်ဝန်းကျင်နှင့် စိတ်သဘောထားတို့ကြောင့် ဖြစ်လာသည့် အတားအဆီးများကို အလေးထားခြင်းဖြစ်သည်။

ချို့ယွင်းအားနည်းချက်နှင့် မသန်စွမ်းမှုတို့ကို တစ်ထပ်တည်းဟု ယူဆပါက လူမှုဘဝတွင် ကြုံတွေ့ရသည့် အခက်အခဲအားလုံးအတွက် လူတစ်ဦးတည်း၌သာ တာဝန်ရှိသကဲ့သို့ ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ထိုသူ၌ မည်သည့်ချို့ယွင်းအားနည်းချက်ရှိသနည်းဟု မေးမြန်းရုံဖြင့် မလုံလောက်ပေ။ သူ၏စွမ်းရည်ကို ဖော်ထုတ်အသုံးချနိုင်ရန်နှင့် လူမှုဘဝတွင် တန်းတူပါဝင်နိုင်ရန် ပတ်ဝန်းကျင်၊ စည်းမျဉ်းစနစ်နှင့် စိတ်သဘောထားတို့ကို မည်သို့ပြောင်းလဲရမည်ကိုပါ စဉ်းစားရမည်ဖြစ်သည်။ ။

- **ချို့ယွင်းအားနည်းချက်နှင့် မသန်စွမ်းမှုတို့ကို တစ်ထပ်တည်းဟု ယူဆပါက လူမှုဘဝတွင် ကြုံတွေ့ရသည့်အခက်အခဲအားလုံးအတွက် လူတစ်ဦးတည်း၌သာ တာဝန်ရှိသကဲ့သို့ ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ထိုသူ၌ မည်သည့် ချို့ယွင်းအားနည်းချက်ရှိသနည်းဟု မေးမြန်းရုံဖြင့် မလုံလောက်ပေ။ သူ၏စွမ်းရည်ကို ဖော်ထုတ်အသုံးချနိုင်ရန်နှင့် လူမှုဘဝတွင် တန်းတူပါဝင်နိုင်ရန် ပတ်ဝန်းကျင်၊ စည်းမျဉ်းစနစ်နှင့် စိတ်သဘောထားတို့ကို မည်သို့ ပြောင်းလဲရမည်ကိုပါ စဉ်းစားရမည်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

### စက်တင်ဘာ ၆ ရက်

**နိုင်ငံတော်သမ္မတ ဗီယက်နမ်ခရီးစဉ်အတွင်း စီးပွားရေးဖိုရမ်တက်ရောက်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ပြီး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပညာတော်သင်သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

### စက်တင်ဘာ ၇ ရက်

**တွန်းဇံမြို့အတွက် ဆက်သွယ်ရေးစက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိ**

တွန်းဇံမြို့အတွက် ပေးပို့သည့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ တီးတိန်မြို့သို့ ရောက်ရှိနေပြီး တွန်းဇံမြို့သို့ ဆက်လက်ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### စက်တင်ဘာ ၈ ရက်

**နိုင်ငံတော်သမ္မတ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား တက်ရောက်အမှာစကားပြောကြား**

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။ နိုင်ငံတစ်ဝန်း စာတတ်မြောက်ရေးလုပ်ငန်းများ ဆက်လက်မြှင့်တင်ရန်နှင့် ကျေးလက်၊ အစွန်အဖျားဒေသများ အပါအဝင် ပြည်သူအားလုံး စာတတ်မြောက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

### စက်တင်ဘာ ၉ ရက်

**"စုံ" "မ" ရက် မခွဲခြားဘဲ မော်တော်ယာဉ်များ ပုံမှန်မောင်းနှင်နိုင်**

စက်သုံးဆီသုံးစွဲမှု ပုံမှန်တည်ငြိမ်လာသဖြင့် "စုံ" ရက်၊ "မ" ရက် ခွဲခြားမောင်းနှင်မှုကို စက်တင်ဘာ ၉ ရက်မှစ၍ ပယ်ဖျက်ပြီး မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ကြောင်း နိုင်ငံတော်သမ္မတရုံးက အသိပေးကြေညာသည်။

### စက်တင်ဘာ ၁၀ ရက်

**ထိုင်းနိုင်ငံက အလိုရှိတရားခံပြေး သုံးဦးကို ပြန်လည်လွှဲပြောင်းပေးအပ်**

ထိုင်းနိုင်ငံတွင် မူးယစ်ပြစ်မှုကျူးလွန်ပြီး တာချီလိတ်မြို့၌ ထွက်ပြေးတိမ်းရှောင်နေသည့် အလိုရှိတရားခံပြေး သုံးဦးကို ဖမ်းဆီးရမိသဖြင့် စက်တင်ဘာ ၁၀ ရက်တွင် မြန်မာ-ထိုင်းနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

### စက်တင်ဘာ ၁၁ ရက်

**နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် ကမ္ဘောဒီးယားနိုင်ငံရောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ သာသနာရေး၊ ပညာရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ကာကွယ်ရေး၊ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြန်ကြားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ စုစုပေါင်း လေးခု လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည်။

### စက်တင်ဘာ ၁၂ ရက်

**နိုင်ငံတော်သမ္မတ ကမ္ဘောဒီးယားခရီးစဉ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိစဉ်အတွင်း ဖနောင်ပင်မြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးခဲ့သည့်အပြင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်ကာ သံဃာအဓိပတိဆရာတော်အား ဖူးမြော်ကြည်ညိုခဲ့သည်။ ထို့နောက် ဆီရမ်ရိမြို့ရှိ အန်ကောဝပ်နှင့် ဘေရွန်ဘုရားကျောင်းတော်များသို့ သွားရောက်လေ့လာခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

■

# ကမ္ဘာ့ရေးရာ

**ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၌ မင်္ဂလာပွဲကျင်းပစဉ် မီးလောင်ခဲ့ရာမှ ၂၂ ဦး သေဆုံး**

စက်တင်ဘာ ၆ ရက်က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကင်ရှာဆာမြို့ မင်္ဂလာပွဲကျင်းပရာနေရာ၌ မီးလောင်မှု ဖြစ်ပွား၍ ၂၂ ဦး သေဆုံးပြီး လူအချို့ ဒဏ်ရာရရှိခဲ့သည်။

**အမေရိကန်၌ ကုန်တင်လေယာဉ် ပြေးလမ်းကျော်၍ မော်တော်ယာဉ်များကို ဝင်တိုက်**

ဖလော်ရီဒါပြည်နယ် မိုင်ယာမီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ စက်တင်ဘာ ၆ ရက်က ကုန်တင်လေယာဉ်တစ်စင်း ပြေးလမ်းကျော်လွန်၍ မော်တော်ယာဉ်များကို ဝင်တိုက်သဖြင့် ငါးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

**တူကီယဲက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဆက်ဆံရေးတိုးမြှင့်မည်**

စက်တင်ဘာ ၇ ရက်က တူကီယဲသမ္မတ အာဒိုဂန်က ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ဆက်ဆံရေးများကို ဆက်လက်တိုးမြှင့်သွားမည်ဟု ပြောကြားခဲ့သည်။

**Apple က ခေါက်သိမ်းနိုင်သည့် iPhone မိတ်ဆက်**

စက်တင်ဘာ ၉ ရက်က Apple ၏ ပထမဆုံး ခေါက်သိမ်းနိုင်သည့် iPhone Duo ကို မိတ်ဆက်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ဂျပန်လေဆိပ်များတွင် လေယာဉ်ပြေးလမ်းနှင့် အဆောက်အအုံများ ထိန်းသိမ်းရန် AI စနစ် စမ်းသပ်**

ဂျပန်လေဆိပ် ၁၉ ခုတွင် လေယာဉ်ပြေးလမ်းနှင့် အခြားအဆောက်အအုံများကို ထိန်းသိမ်းစောင့်ကြည့်ရန် AI အခြေပြုစနစ်ကို စတင်စမ်းသပ်ခဲ့ကြောင်း သိရသည်။

**၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု ၂၅ နှစ်ပြည့် အထိမ်းအမှတ်ကျင်းပ**

စက်တင်ဘာ ၁၁ ရက်က ၂၀၀၁ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သူများကို အောက်မေ့သည့် အထိမ်း အမှတ်အခမ်းအနားများကို အမေရိကန်နိုင်ငံတစ်ဝန်း ကျင်းပခဲ့သည်။

**ရုရှားတွင် 5G မိုဘိုင်းကွန်ရက်များ စီးပွားဖြစ်စတင်လည်ပတ်**

စက်တင်ဘာ ၁၂ ရက်က ရုရှားနိုင်ငံတွင် ပထမဆုံး 5G မိုဘိုင်းကွန်ရက်များကို မြို့ ၁၆ မြို့၌ စီးပွားဖြစ် စတင်လည်ပတ်ခဲ့ပြီး လူဦးရေ ၁၀ သန်းခန့်ကို လွှမ်းခြုံပေးမည်ဖြစ်ကြောင်း သိရသည်။



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်နှင့် တပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။ ရီရီလွင်(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က အမှတ်(၁) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး ထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ ရွှေပြည်သာမြို့နယ် ဘုံရှည်ကုန်းကျေးရွာ မဟာဒေဝီလအာဘရသေ့ကမ္မဋ္ဌာန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ နေမျိုးထွန်း(ပြန်/ဆက်)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘိုးရာဇာရပ်ကွက် အောင်သိဒ္ဓိရှင်စေတီမြတ် ဘုရားကုန်းပေါ်၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဘီးလင်း(ပြန်/ဆက်)



(၆၂)နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၂ ရက်က ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ရွှေမြိုင်သူ(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ညောင်လေးပင်မြို့နယ် မြို့မ (၅)ရပ်ကွက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်သူဝင်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဆားဘီးယား၌ တရုတ်အကူအညီဖြင့် မဟာဗျူဟာကျသည့် ဖော့ဇ်ဒ် ကာရာဂျော်ဂျီ အမြန်လမ်းမကြီး တည်ဆောက်

**ဘဲလ်ဂရိတ် စက်တင်ဘာ ၁၃**

ဆားဘီးယားသမ္မတ အလက်ဇန္ဒား ဗူးချစ်သည် တရုတ်ကုမ္ပဏီတစ်ခုက တည်ဆောက်လျက်ရှိသော ဖော့ဇ်ဒ် ကာရာဂျော်ဂျီ အမြန်လမ်းမကြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ စက်တင်ဘာ ၁၂ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ၌ အဆိုပါအမြန်လမ်းမကြီးသည် ဆားဘီးယားနိုင်ငံ အလယ်ပိုင်းဒေသအတွက် မဟာဗျူဟာမြောက်အရေးပါကြောင်း အလေးပေးပြောကြားသည်။

အမြန်လမ်းမကြီး တည်ဆောက်ပြီးစီးပါက နိုင်ငံ၏မြို့တော် ဘဲလ်ဂရိတ်နှင့် ဆားဘီးယား အလယ်ပိုင်းဒေသများအကြား လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည့်အပြင် နိုင်ငံ၏သယ်ယူပို့ဆောင်ရေးကွန်ရက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လာမည်ဖြစ်ကြောင်း သမ္မတ အလက်ဇန္ဒား ဗူးချစ်က ပြောသည်။

အဆိုပါစီမံကိန်းသည် စာချုပ်တန်ဖိုး ယူရို ၁ ဒသမ ၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ) ရှိပြီး ဆားဘီးယားနိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများအကြား လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**







# ဖိလစ်ပိုင်၌ ကူးတို့ရေယာဉ်မီးလောင်မှုကြောင့် သေဆုံးသူ ၇၆ ဦးအထိ မြင့်တက်လာ

**မနီလာ စက်တင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့သော ကူးတို့ရေယာဉ်မီးလောင်မှုကြောင့် သေဆုံးသူပေါင်း ၇၆ ဦးအထိ မြင့်တက်လာကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြောသည်။

ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောက်ထပ် ရုပ်အလောင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက်တွင် ပြောသည်။ ခရီးသည်များနှင့် ရေယာဉ်အမှုထမ်းများ စုစုပေါင်း ၁၃၀ ကျော် လိုက်ပါလာသော အဆိုပါကူးတို့ရေယာဉ်သည် နိုင်ငံ၏မြို့တော်မနီလာမှ ထွက်ခွာခဲ့ပြီး အနောက်ပိုင်း ပါလာဝန်ပြည်နယ်ရှိ အပန်းဖြေကျွန်း ကိုရုန်းအနီး ပင်လယ်ပြင်တွင် ခုတ်မောင်းနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့များက ၄၃ ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ၁၃ ဦးမှာ ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသူများအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ ကူးတို့ရေယာဉ်မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးပေ။ **အင်န်အိတ်ချ်ကေ**

# ယီမင်နိုင်ငံတစ်ဝန်း ဆော်ဒီတိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု ၁၂၉ ကြိမ် ပြုလုပ်ဟု ဟူသီပြော

**ဆာနား စက်တင်ဘာ ၁၃**

ဟူသီအဖွဲ့က ပင်လယ်နီကမ်းရိုးတန်းတစ်လျှောက် ချီတက်မှုများလုပ်ဆောင်ပြီးနောက် ပဋိပက္ခများ သိသိသာသာမြင့်တက်လာချိန်တွင် ၂၄ နာရီအတွင်း ယီမင်နိုင်ငံရှိ ပြည်နယ်ခုနစ်ခု၌ ဆော်ဒီတိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု ၁၂၉ ကြိမ် ပြုလုပ်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

အနောက်တောင်ပိုင်း တာအစ်ဇ်ပြည်နယ်၊ ရေနံကြွယ်ဝသော အရှေ့မြောက်ပိုင်း မာရစ်ဘ်ပြည်နယ်၊ ပင်လယ်နီကမ်းရိုးတန်းရှိ ဟိုဒေးဒါပြည်နယ်၊ မြောက်ပိုင်းပြည်နယ်များဖြစ်သည့် အယ်လ်ဂျော့ဖ်၊ ဆာဒါ၊ အမ်ရန်နှင့် ဟာဂျ်ဂျာ့ပြည်နယ်တို့ကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ဟူသီစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ယာ့ယာဆာရီယာက လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ဖော်ပြထားသည်။

အနောက်တောင်ပိုင်း ခါမစ်မုရှိုတ်နှင့် တာအိဇ်မြို့များရှိ ဆော်ဒီစစ်ဘက်အခြေစိုက်စခန်းများမှ ပျံတက်လာပြီးနောက် F–15 နှင့် Typhoon တိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဟူသီတို့၏ ထုတ်ပြန်ချက်အပေါ် ဆော်ဒီအာရေဗျနိုင်ငံက ချက်ချင်းမှတ်ချက်ပြုခြင်း မရှိသေးပေ။ **ဆင်ဟွာ**




# အင်ဒိုနီးရှား၌ ခရီးသည်တင်ရေယာဉ်နစ်မြုပ်မှုကြောင့် ၁၂၉ ဦး ပျောက်ဆုံး

**ဂျကာတာ စက်တင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ပြင်တွင် အဆက်အသွယ်ပြတ်တောက် သွားခဲ့သည့် ခရီးသည်တင်ရေယာဉ်တစ်စင်း နစ်မြုပ်ခဲ့ပြီးနောက်လူ၁၂၉ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေး အေဂျင်စီက စက်တင်ဘာ ၁၃ ရက်တွင် ပြောသည်။

နောက်ဆုံးရရှိထားသည့် အချက်အလက်များအရ လူ ၁၀၈ ဦးကို ကယ်ဆယ်ထားနိုင်ပြီး ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ Virgo Transport 8 ဟု အမည်ရသည့် အဆိုပါရေယာဉ်သည် လူ ၂၄၃ ဦးကို တင်ဆောင်လာပြီး စက်တင်ဘာ ၁၃ ရက် နံနက် ၂ နာရီ မိနစ် ၃၀ ခန့်တွင် ရာသီဥတုဆိုးရွားမှုကြောင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီက ပြောသည်။

အဆိုပါရေယာဉ်သည် အရှေ့ဂျာဗားပြည်နယ် ဆူရာဘာယာမြို့မှ စက်တင်ဘာ ၁၂ ရက်တွင် ထွက်ခွာခဲ့ပြီး တောင်ပိုင်းကာလီမန်တန်ပြည်နယ်သို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်သည်။

အင်ဒိုနီးရှားရှာဖွေရေးနှင့် ကယ်ဆယ်ရေး အာဏာပိုင်များသည် ရေယာဉ်နှင့် နောက်ဆုံးအဆက်အသွယ်ရရှိခဲ့သည့် ရေပြင်တစ်ဝိုက်တွင် ရဟတ်ယာဉ်များ၊ ရေယာဉ်များနှင့် တပ်ဖွဲ့ဝင်များကို ဖြန့်ချထားကာ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **ဆင်ဟွာ**

# ဘရပ်ဆဲလ်လေဆိပ်အနီး နှစ်ရက်အတွင်း နှစ်ကြိမ်မြောက် ဒရုန်းတွေ့ရှိ

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၃**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေဆိပ်အနီး၌ ဒရုန်းတစ်စင်းကို စက်တင်ဘာ ၁၂ ရက် ညနေပိုင်းတွင် တွေ့ရှိခဲ့ပြီး ယင်းမှာ နှစ်ရက်အတွင်း ဒရုန်းတွေ့ရှိမှု ဒုတိယအကြိမ်ဖြစ်ကြောင်း ဘယ်လ်ဂျီယံ လေကြောင်းထိန်းသိမ်းရေးအဖွဲ့က ဒေသတွင်းမီဒီယာများသို့ ပြောကြားသည်။

**မျက်မြင်အားဖြင့်သာမက**
**စောင့်ကြည့်ရေးကိရိယာများဖြင့်ပါ ထောက်လှမ်းတွေ့ရှိ**

စက်တင်ဘာ ၁၁ ရက်တွင် တွေ့ရှိခဲ့သော ဒရုန်းနှင့်မတူသည်မှာ ယခုအကြိမ်တွင် အဆိုပါဒရုန်းကို မျက်မြင်အားဖြင့်သာမက စောင့်ကြည့်ရေးကိရိယာများဖြင့်ပါ ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသော်လည်း အဆိုပါဒရုန်း မည်သည့်နေရာမှ လာသည်၊ မည်သူက မောင်းနှင်ထိန်းချုပ်နေသည်ကို မသိရှိရသေးပေ။

**လေဆိပ်လုပ်ငန်းလည်ပတ်မှုများ နာရီဝက်ခန့်ကြန့်ကြာခဲ့**

စက်တင်ဘာ ၁၁ ရက် ညနေပိုင်းက လေဆိပ်အနီးတွင် ဒရုန်းတွေ့ရှိမှုကြောင့် လေဆိပ်လုပ်ငန်းလည်ပတ်မှုများ နာရီဝက်ခန့် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီဟုဆို

**ကင်ရှာဆာ စက်တင်ဘာ ၁၃**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရသည် နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် အီဘိုလာရောဂါဖြစ်ပွားမှုကို ထိန်းချုပ်လာနိုင်ပြီဟု စက်တင်ဘာ ၁၁ ရက်တွင် ပြောသည်။

ကူးစက်မှု အထွတ်အထိပ်ကာလကို ကျော်လွန်သွားပြီဖြစ်သော်လည်း ကူးစက်မှုများ ဆက်လက် ဖြစ်ပွားနေခြင်းနှင့် ရောဂါကူးစက်မှုသည် သတ္တမမြောက် ပြည်နယ်သို့ ရောက်ရှိသွားခြင်းတို့ကြောင့် အန္တရာယ်ရှိသည့် အခြေအနေတစ်ရပ်အဖြစ် ဆက်လက်ရှိနေကြောင်း သိရသည်။

၁၇ ကြိမ်မြောက် အီဘိုလာရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ပက်ထရစ် မူယာယာက ပြောသည်။

ရောဂါကူးစက်မှုများ ကျဆင်းလာပြီဖြစ်ကြောင်း ညွှန်ပြနေပြီး ကျန်းမာရေးဇုန် ၁၀ ခုတွင် ၂၁ ရက်အတွင်း နောက်ထပ်ကူးစက်မှုများ မတွေ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

**ဘင်္ဂလားဒေ့ရှ်နိုင်ငံအနှံ့ သွေးလွန်တုပ်ကွေး ကာကွယ်ရေး သုံးလကြာ လှုပ်ရှားမှုစတင်**

**ဒါကာ စက်တင်ဘာ ၁၃**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါများဖြစ်ပွားမှု အများဆုံးကာလတွင် သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်ရန်ရည်ရွယ်၍ တစ်နိုင်ငံလုံး အနှံ့ သုံးလကြာ ကာကွယ်ရေးလှုပ်ရှားမှု အစီအစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လိုက်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် တာရစ်ခ်ရာဟ်မန်သည် စက်တင်ဘာ ၁၂ ရက်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်မည့် ကာကွယ်ရေးအစီအစဉ်ကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလှုပ်ရှားမှုကို စက်တင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့ သတိပေးဆောင်ရွက်မှုများနှင့် သန့်ရှင်းရေးလှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်း ထောင်နှင့်ချီ၍ ပါဝင်သွားမည်ဖြစ်သည်။

ဒါကာမြို့နှင့် အခြားဒေသများတွင် သွေးလွန်တုပ်ကွေးရောဂါပျံ့နှံ့မှု မြင့်မားနေချိန်တွင် ယခုကဲ့သို့ လှုပ်ရှားမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

■

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

# အများနဲ့ဆိုင်ရာတွေမှာ သတိပြုစရာ - (၇)

လူတစ်ယောက်ရဲ့ ယဉ်ကျေးမှုကို အများပိုင်နေရာတွေမှာ သူဘယ်လို နေသလဲဆိုတဲ့ ပြုမူပုံကို ကြည့်ရင်သိနိုင်ပါတယ်။ လမ်းမပေါ်၊ အများသုံးကားပေါ်၊ ရထားပေါ်၊ Shopping Mall ၊ ပန်းခြံနဲ့ အများပြည်သူဆိုင်ရာနေရာတွေမှာ ဘယ်လိုနေထိုင်သလဲဆိုတာက ကိုယ့်ရဲ့ စည်းကမ်းနဲ့ လူမှုအဆင့်အတန်းကို ဖော်ပြနေတာပါ။

အများသုံးနေရာရောက်ရင် ကိုယ့်အဆင်ပြေမှုတစ်ခုတည်း မကြည့်ဘဲ သူတစ်ပါး အနှောင့်အယှက်မဖြစ်အောင် စေတနာထားရပါမယ်။ အမှိုက်ကို စည်းကမ်းရှိရှိ ပစ်တာ၊ အသံကျယ်ကျယ် မအော်တာ၊ တန်းစီစောင့်ဆိုင်းတာနဲ့ အသုံးပြုပြီးတဲ့နေရာကို သန့်ရှင်းအောင်ထားခဲ့တာတွေဟာ ရိုးရှင်းပေမယ့် မြင့်မြတ်တဲ့ အကျင့်ကောင်းတွေ ဖြစ်ကြပါတယ်။



အများသုံးယာဉ်များ အသုံးပြုရာမှာလည်း အခြားသူတွေကို လေးစားမှုရှိဖို့ လိုအပ်ပါတယ်။ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်တွေနဲ့ အကူအညီလိုအပ်သူတွေကို ဝမ်းမြောက်စွာ နေရာပေးတာ၊ ခရီးသည်တွေကို အနှောင့်အယှက်မဖြစ်စေရန် ဂရုစိုက်ပေးလိုက်တာက မိမိမှာ တာဝန်သိတတ်သည့် စိတ်ဓာတ်ရှိကြောင်း ပြသရာရောက်ပါတယ်။

အက်တီကက်ဆိုတာ အထူးအခမ်းအနားတွေမှာမှ သီးသန့်လိုက်နာရမယ့်အရာ မဟုတ်ပါဘူး။ နေ့စဉ်ဘဝထဲမှာ အများကို ထည့်သွင်းစဉ်းစားပြီး ပြုမူနေထိုင်ခြင်းက လူတိုင်းလုပ်ဆောင်နိုင်တဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါတယ်။ ကိုယ့်ရဲ့ အပြုအမူလေးတွေကပဲ ပိုမိုကောင်းမွန်တဲ့ လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ပေးနိုင်တာပါ။

## ၂၀၂၆ ခုနှစ် စက်တင်ဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၈ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၁၅ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၂၇ မီလီမီတာမှ ၃၈ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၂ ရက်က ခေတ္တမြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးလက်အောက်ရှိ ရုံးများ၊ ရဲစခန်းများမှ အရာထမ်း ခုနစ်ဦး၊ အမှုထမ်း ၄၂ ဦးတို့ဖြင့် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး အတွင်းရှိ နွယ်ပင်မြက်ပင်များ၊ ချုံပုတ်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ ချစ်ဦးနွေ(မြင်းခြံ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရှင်သီဝလိခြေတော်ရာတောင်တော်မြတ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးထွန်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ စုစုပေါင်း ၆၅ ဦးတို့က အောင်ဇေယျရပ်ကွက်ရှိ သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ဘားအံမြို့ လှာကာကျေးရွာရှိ အထက (လှာကာ) ကျောင်း၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ၁၂ ရက်တွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ စိုင်းအယ်ဘဲ

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့်ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၆)

## စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စာကြည့်တိုက်များ (အပိုင်း-၁) ကက်ဆက်ဆတ်တက္ကသိုလ် စာကြည့်တိုက်၊ ထိုင်းနိုင်ငံ

*ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)*

ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာဆီယံနိုင်ငံအချို့ စသည့် ကမ္ဘာ့နိုင်ငံများ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းမှာ စိုက်ပျိုးမွေးမြူရေး ပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံ ဖြစ်နေခြင်းဖြစ်ပါသည်။

ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေး ပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

စာကြည့်တိုက်ဆိုလျှင် စာရေးသူ စာသင်ခဲ့သည့် မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ အခြေခံပညာ အထက်တန်းကျောင်းစာကြည့်တိုက်မှ စရေးရမည် ထင်ပါသည်။ စာရေးသူ မှတ်မိသလောက် ၁၉၇၀-၁၉၇၃ ခုနှစ်များမှ စာရေးသူတို့ နယ်မြို့ကလေးတွင် **သိပ္ပံခန်း** (ရူပဗေဒသင်သော ဆရာ ဦးစိန်အောင် စီမံကွပ်ကဲပါသည်)၊ **ကျောင်းဥယျာဉ်**(ဆရာဦးစိုးသိန်း ကြီးကြပ်ပါသည်။ ဆရာ ယခုအထိ သက်ရှိထင်ရှား ရှိပါသေးသည်။ ဆရာက သဲကုန်းစိုက်ပျိုးရေး အထက ကျောင်းဆင်းတစ်ယောက်ပါ)နှင့် နောက်ဆုံး ကျောင်းစာကြည့်တိုက်အားလုံးရှိပြီး ကာတွန်းစာအုပ်(တေဇ၊ ရွှေသွေး ထင်ပါသည်) ဖတ်ရှုခြင်းက စခဲ့ပါသည်။

စာရေးသူ၏ အဖေ၊ အမေတို့က ကျောင်းဆရာများဖြစ်၍ ဘယ်မှမလည်ရ၊ မသွားရပါ။ တစ်ခါတလေတော့ သားရေကွင်းပစ်၊ ကျောက်ဒိုး၊ သံလုံးလေးများဖြင့် ပိုက်ဆံအကြွေစေ့ ငါးပြား၊ ဆယ်ပြားစေ့ကလေးများ ထောင်ကာ ဒိုးပစ်ကစားခွင့်တော့ရပါသည်။ အိမ်မှာ နေရသည်ကများ၍ အိမ်ကယူသော သတင်းစာ၊ ဂျာနယ် စသည်တို့ ဖတ်ရင်း စာဖတ်ဝါသနာပါခဲ့ပါသည်။ သတ္တမတန်းနှစ်လောက်ကပဲ ထင်ပါသည်။ ဝတ္ထု၊ မဂ္ဂဇင်းတွေလည်း စဖတ်နေပါပြီ။ ငယ်ငယ်က ဒိုးပစ်ဖက် သူငယ်ချင်းများ၊ စာအုပ်အငှားဆိုင်က ဒေါ်ကြည်အေးနှင့် မိသားစု(ဒေါ်ကြည်အေးက ကွယ်လွန်သွားပါပြီ)လည်း ယခုထက်ထိ ဆင်ပေါင်ဝဲတွင် ရှိပါသေးသည်။

၁၉၇၃-၁၉၇၄ ခုနှစ် ဒသမတန်းတွင် စာရေးသူ






အထက(၁) (မကွေး)သို့ ပြောင်းရွှေ့သင်ကြားခဲ့ပါသည်။ မကွေး အထက(၁) စာကြည့်တိုက်က ဆင်ပေါင်ဝဲထက် ပိုစုံပါသည်။ သိပ်ပြီးတော့ မမှတ်မိတော့ပါ။ စာရေးသူ ၁၉၇၄ ခုနှစ် စက်တင်ဘာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ် တက်ရတော့ စာသင်ခန်းမ -၂ အောက်ထပ်ရှိစာကြည့်တိုက်၌ စာအုပ်စငှား၍ ရပါပြီ။ စိုက်ပျိုးရေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းများမှာ ရှားပါးမြန်မာစာအုပ်များထဲမှ တစ်ခုဖြစ်ပါသည်။ ထိုအချိန်က အတန်းကြီးကျောင်းသား ကျောင်းသူများ လုပ်အားပေးနေသော မြန်မာစာပေအသင်းမှနေ၍ (စာရေးသူတို့အခေါ်-ချန်မာရီ- ဆရာများအဆောင်)တွင် ညနေ ၅ နာရီမှ ည ၇ နာရီလောက်အထိ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းများ ငှားရမ်းပေးပါသည်။ ငှားရမ်းခ အလကားလား၊ တစ်အုပ် ဆယ်ပြားလား မမှတ်မိတော့ပါ။

စာရေးသူတို့ ပထမနှစ်က ကင်းတားဆောင် (ယခုငွေတောင်ဆောင်)တွင် နေရပါသည်။ အဆောင်မှူးက ဆရာ ဦးညွန့်ရွှေ၊ အဆောင်နည်းပြ ဦးနေဝန်းပေါ်နှင့် ဦးခင်မောင်နီတို့ ဖြစ်ပါသည်။ စာရေးသူနှင့် ဆင်ပေါင်ဝဲ ကိုသန်းထွန်း (ကိုရောဘတ် - ကွယ်လွန်သွားပါပြီ)က အပေါ်ဆောင် အောက်ထပ်အရှေ့ဘက်ခြမ်း အခန်းနံပါတ် - ၆၆ တွင် အတူနေခဲ့ရပါသည်။ အဆောင်နည်းပြ ဦးနေဝန်းပေါ်က 'ဟော့ကောင် မျိုးကြွယ် ကုန်သွယ်ရေး-၁ စာအုပ်ဆိုင်မှာ (စာသင်ခန်းမ - ၁ အောက်ထပ်တွင်ဖွင့်ပါသည်) အင်္ဂလိပ်အဘိဓာန်တွေ ဝယ်လို့ရတယ်'ဟု ပြောပါသည်။

ထိုအင်္ဂလိပ်အဘိဓာန်စာအုပ် (Learner English Dictionary)ကို ငွေကျပ် ၂၀ နှင့် ပြားစွန်း ပေးဝယ်ဖတ်ခဲ့ပါသည်။ ထိုစဉ်က အကြော်တစ်ခု ဆယ်ပြား၊ လက်ဖက်ရည် တစ်ခွက် ၂၅ ပြား၊ ခေါက်ဆွဲကြော်တစ်ပွဲ တစ်ကျပ်၊ ရေဆင်း-ပျဉ်းမနား ကျောက်ကားခ (လိုင်းကားမဟုတ်ပါ၊ ကျောက်ခဲသယ်သော အမိုးဖွင့်ကားကြီးများ) ပြားငါးဆယ်ပါ။ အခုခေတ် ခေါက်ဆွဲကြော်တစ်ပွဲ ငါးထောင်မှ တစ်သောင်းကျပ်နှင့် ချိန်ထိုးလျှင် စာရေးသူဝယ်ခဲ့သော အဘိဓာန်စာအုပ်တန်ဖိုးမှာ ယနေ့ခေတ်တန်ဖိုး လေးသောင်း၊ ငါးသောင်းခန့်နှင့် ညီမျှပါလိမ့်မည်။ ဒုတိယနှစ်လောက် ထင်ပါသည်။ ဆရာဦးနေဝန်းပေါ်ဆီမှ Random House Dictionary - Good Second hand စာအုပ်အဟောင်း (A4 Size) အရွယ်နဲ့ ငါးလက်မ လောက်အထူ၊ အညိုရောင် ကတ်ထူအဖုံးနှင့်ပါ။ ငါးဆယ်ကျပ် ပတ်ဝန်းကျင်ထင်ပါသည်) ပေးဝယ်ပြီး ဖတ်ခဲ့ပါသည်။ ထိုခေတ်တွေတုန်းက အင်္ဂလိပ်စာလုံး အဓိပ္ပာယ် မသိလျှင် ယနေ့ခေတ်လို အင်တာနက်က အဘိဓာန်ကြည့်၍မရပါ။ စာအုပ်မှသာ ကြည့်ရပါသည်။

ဒီလိုနှင့် ၁၉၇၉ ခုနှစ် စက်တင်ဘာလ ကျောင်းပြီးပြီး လယ်ယာသီးနှံဌာနတွင် နေ့စားလပေးလခနှင့် သရုပ်ပြအကူ စတင်ခဲ့ပါသည်။ စာရေးသူ၏ သူငယ်ချင်း ကိုဆန်ဂျေကူးမားနှင့်အတူပါ။ သူက အမေရိကန်နိုင်ငံသို့ ပြောင်းသွားပြီး ယခုကွယ်လွန်သွားပါပြီ။ ကျောင်းသားများကို စာသင်ရင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် မဟာ စိုက်ပျိုးရေးသိပ္ပံ- လယ်ယာသီးနှံဘာသာပါ (M.Agr. Sc. (Agronomy) တက်ရောက်ခဲ့ရပါသည်။

စာရေးသူ၏ သုတေသနကြီးကြပ်ဆရာ ဦးစံသိန်းနှင့် သုတေသနပြုလုပ်မည်ဖြစ်ပြီး ဘာသာခွဲ သီးနှံဇီဝကမ္မဗေဒ(Crop Physiology)ကို အထူးပြုခဲ့ပါသည်။ ထိုအခါ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်ရှိ အင်္ဂလိပ်လို ပြဋ္ဌာန်းစာအုပ်များကို မွှေရနှောက်ရပါတော့သည်။ စာရေးသူ ကျောင်းသားဘဝ၊ ကျောင်းဆရာဘဝမှာ စာကြည့်တိုက်မှူး အဆက်ဆက်၊ ရေဆင်းစာတိုက်မှူးများ၊ စာလာပို့သူ အဆက်ဆက်အထိ စာရေးသူက သူငယ်ချင်းပေါင်းပေါင်းခဲ့ပါသည်။ စာကြည့်တိုက်မှူးများဆိုလျှင် ဦးကျော်မင်းဟန်၊ ဦးမြင့်သိန်း(အဘ)၊ ဒေါ်ဝင်းလှဲ့လှဲ့သန်း၊ နောက်ဆုံး ဒေါ်လှလှရီအထိပေါ့။ စာတိုက်ဘက်ကတော့ ဦးတင်မောင်နှင့်ကိုလှဝင်းပဲ မှတ်မိပါတော့သည်။ တက္ကသိုလ်စာအုပ်ဆိုင်မှ ဦးဘသန်းဆီကိုလည်း မကြာခဏရောက်ပါသည် (ထိုစဉ်က Reader's Digest, Time and Newsweek Magazine များ တက္ကသိုလ်စာအုပ်ဆိုင်တွင် ဝယ်ယူ၍ ရပါသည်)။

ပထမဆုံးစာသင်ရသည်က ဒေါက်တာစိုင်းမြင့်လွင် (ဆရာက ကွယ်လွန်သွားပါပြီ)၏ အဆင့်မြင့် စာရင်းအင်းပညာကို စာရေးသူ၊ ကိုဆန်ဂျေး၊ ကိုမိလဗေဒမှ ဆရာမ ဒေါ်ဖြူဖြူလွင်တို့နှင့် အတူတူတက်ခဲ့ရပါသည်။ စတုတ္ထနှစ်မှာ စာရေးသူတို့တုန်းက ဆရာဦးသန်းအောင်၏ အခြေခံစာရင်းအင်းပညာ သင်ခဲ့ရတော့ မဟာသိပ္ပံမှာ အဆင့်မြင့်စာရင်းအင်းပညာ သင်ခဲ့ရပါသည်ပေါ့။ စာမေးပွဲက နှစ်ပတ် တစ်ကြိမ်လောက်စစ်တော့ ပထမဆုံးစာမေးပွဲမှာ ကျွန်တော် ဒီမိုင်းနပ် (D-) အမှတ်ရတာ အခုထိ မှတ်မိနေပါသည်။ (စာမေးပွဲက အမေရိကန်စနစ် အေ၊ ဘီ၊ စီ၊ ဒီ၊ အီး American Grading System - A, A+, A-, B, C, D, E) စာမေးပွဲတွေ ပေါင်းပြီး ပျမ်းမျှအမှတ် (Grade Point Average) ရှာလျှင် ဒီနှင့် အီး က ကျောင်းဆက်တက်၍မရပါ။ အေ၊ ဘီမှာက ပလတ်စ် (Plus +) မိုင်းနပ်စ် (Minus -) ခွဲခြားပါသေးသည်။ စာရင်းအင်းပညာ ရည်ညွှန်းစာအုပ်များ စပေးပြီပေါ့။ စာရေးသူတို့ စာကြည့်တိုက်သွားပြီး ရှာဖွေရ၊ ငှားရမ်းရပါတော့သည်။

ပြဋ္ဌာန်းစာအုပ်များမှာ Steel and Torrie ၏ Principles and procedures of Statistics တို့၊ Snedecor and Cochran ၏ Statistical Methods တို့၊ Cochran and Cox ၏ Experimental Designs စသည်တို့ပေါ့။ အဲဒီကတည်းက စာရင်းအင်းပညာနှင့် ရင်းနှီးလာခဲ့ပါပြီ။ စိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်မှာလည်း ယနေ့အထိ စာရင်းအင်းစာအုပ် များစွာ ရှိပါသည်။

နောက်တစ်ဘာသာက ဆရာမကြီး ဒေါက်တာလှတင်ဦး၏ အဆင့်မြင့်အပင်ဇီဝကမ္မဗေဒ (Advanced Plant Physiology) ကို သင်ယူခဲ့ရပါသည်။ ဆရာမကြီးက အင်္ဂလိပ်စာကျွမ်းကျင်၊ စာရေးသူက မပြောတတ်ပြောတတ်နှင့် မိမိဆရာများဖြစ်သော ဦးဟန်ညွန့်၊ ဦးလှအောင်တို့နှင့်အတူတူ တက်ရောက်ခဲ့ရပါသည်။ ဆရာတို့မှာ အလွန်ထူးချွန်သော ဆရာများဖြစ်သော်လည်း ထိုခေတ်က ယခုခေတ် ဆရာ၊ ဆရာမများလောက် နိုင်ငံခြား ပညာသင်ဆု မများခဲ့ပါ။ နောက်ပိုင်းနှစ်များတွင်တော့ ဆရာဦးလှအောင်က အင်္ဂလန်နိုင်ငံမှ မဟာသိပ္ပံဘွဲ့ ရရှိခဲ့ပါသည်။

မြန်မာပြည်၏ စိုက်ပျိုးရေးပညာသမိုင်းမှာ စိုက်ပျိုးရေးတက္ကသိုလ်အစအဖြစ် မန္တလေးတက္ကသိုလ်၏ စိုက်ပျိုးရေးပညာ မဟာဌာနကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့သော်လည်း စိုက်ပျိုးရေးဆိုင်ရာ မဟာသိပ္ပံကို ၁၉၇၈ ခုနှစ်၊ စိုက်ပျိုးရေးဆိုင်ရာ ပါရဂူဘွဲ့ကိုတော့ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှသာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

### (က) ကက်ဆက်ဆတ်တက္ကသိုလ်စာကြည့်တိုက် (Library, KU, Thailand)

ထိုင်းနိုင်ငံ ကက်ဆက်ဆတ်တက္ကသိုလ် (Kasetsart University - KU) က ၁၉၄၃ ခုနှစ်ကျမှ စိုက်ပျိုးရေးကောလိပ်အနေဖြင့် ဖွင့်လှစ်ခဲ့ပြီး (ကျွန်တော်တို့မြန်မာနိုင်ငံထက် ၂၅ နှစ် နောက်ကျခဲ့ပါသည်) ယခုတော့ စိုက်ပျိုး၊ မွေးမြူရေး အခြေပြု မဟာဌာနပေါင်း များစွာပါဝင်သော ကျောင်းသား ကျောင်းသူ ငါးသောင်းခန့် သင်ကြားနေသည့် နိုင်ငံတကာ အဆင့်မြင့်တက္ကသိုလ်ကြီးဖြစ်နေပါပြီ။

*စာမျက်နှာ ၁၇ သို့*

- ❖ **ထိုင်းနိုင်ငံ ကက်ဆက်ဆတ်တက္ကသိုလ် (Kasetsart University-KU)က ၁၉၄၃ ခုနှစ်ကျမှ စိုက်ပျိုးရေးကောလိပ်အနေဖြင့် ဖွင့်လှစ်ခဲ့ပြီး (ကျွန်တော်တို့ မြန်မာနိုင်ငံထက် ၂၅ နှစ် နောက်ကျခဲ့ပါသည်) ယခုတော့ စိုက်ပျိုး၊ မွေးမြူရေးအခြေပြု မဟာဌာနပေါင်းများစွာပါဝင်သော ကျောင်းသား ကျောင်းသူ ငါးသောင်းခန့် သင်ကြားနေသည့် နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်ကြီးဖြစ်နေပါပြီ။**
- ❖ **စိုက်ပျိုးရေးဘွဲ့ကြိုသင်တန်းအနေဖြင့်ပင် မူလနေရာ ဘန်ကင်းပရဝဏ်၊ နယ်မြေ (Main Campus- Bang khen Campus) နှစ်စဉ်ဘွဲ့ရ ၁၅၀၀၊ ကီလိုမီတာ ၈၀ လောက်ဝေးသော ကင်ပင်ဆန် ပရဝဏ်၊ နယ်မြေသစ် (New Campus- Kamphaensan Campus) (၁၉၇၉ ခုနှစ်တွင်မှ စတင်တည်ထောင်သည်။ ၁၂၇၂ ဟက်တာ ကျယ်ဝန်းပါသည်) တွင် ၁၀၀၀ ခန့် (စုစုပေါင်း စိုက်ပျိုးရေး ကျောင်းသား ၂၅၀၀ ခန့်) နှစ်စဉ်မွေးထုတ်ပေးနေ**

# လယ်ဝေးမြို့နယ်၌ ကျောင်းပတ်ဝန်းကျင်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ယမန်နေ့က လယ်ဝေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ကျောင်းအားကစားကွင်းအတွင်း ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ပြုပြင်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း(သဲဖြူ)သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်းရှိ မြေလေးဧကတွင် တစ်ရှူးငှက်ပျောပင်များ စတင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရေးနှင့်အပင်များ ဖြစ်ထွန်းစေရေးအတွက် စနစ်တကျပြုစုပျိုးထောင်ရန် တာဝန်ရှိသူများကို မှာကြားသည်။

မြို့နယ်(ပြန်/ဆက်)





အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူး စိုးမြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင် ၃၀ တို့က ချောင်းဆုံ အနောက်ရပ်ကွက်ရှိ ရဲရန်အောင် စေတီတွင် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။

ကိုကျော်(ချောင်းဆုံ)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၁၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ ဌာနချုပ်တပ်ခွဲမှ ရဲမှူး သန်းအောင်နှင့် တပ်ဖွဲ့ဝင် ၄၅ ဦးတို့သည် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၅၀၀) ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေအား သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက်ခွဲခြားခြင်း၊ ပြင်ပမှဝင်ရောက်လာသည့် အသားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသောကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှု အားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန်တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကြွက်၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်း များနှင့် ကန်အတွင်းရှိ ရေပေါက်ပင်များ(ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြု ရေများအား ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့် မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်းမပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း(အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့်ငါးများအတွက် သင့်တော်သောရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့် ငါးအရွယ်များထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့်အစီအမံများချိတ်ဆက်ဆောင်ရွက်ပါရန်။ **ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၁၆ မှ*

စိုက်ပျိုးရေးဘွဲ့ကြိုသင်တန်းအနေဖြင့်ပင် မူလနေရာ ဘန်ကင်းပရဝဏ်၊ နယ်မြေ (Main Campus–Bang khen Campus) နှစ်စဉ်ဘွဲ့ရ ၁၅၀၀၊ ကီလိုမီတာ ၈၀ လောက်ဝေးသော ကင်ပင်ဆန် ပရဝဏ်၊ နယ်မြေသစ် (New Campus – Kamphaensan Campus) (၁၉၇၉ ခုနှစ်တွင်မှ စတင်တည်ထောင်သည်။ ၁၂၇၂ ဟက်တာ ကျယ်ဝန်းပါသည်)တွင် ၁၀၀၀ ခန့် (စုစုပေါင်း စိုက်ပျိုးရေးကျောင်းသား ၂၅၀၀ ခန့်) နှစ်စဉ်မွေးထုတ်ပေးနေပါသည်။

ဒုတိယကမ္ဘာစစ်ပြီးမှ စတင်တည်ထောင်ခဲ့သည့် စိုက်ပျိုးရေးကောလိပ်ကလေးမှနေ၍ မဟာဌာနပေါင်းများစွာ စိုက်ပျိုးမွေးမြူရေး မဟာဌာန၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ မဟာဌာန၊ ငါးလုပ်ငန်းဆိုင်ရာမဟာဌာန၊ သစ်တောပညာ မဟာဌာန၊ စီးပွားရေးပညာ မဟာဌာန၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှု မဟာဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးပညာ မဟာဌာန၊ မွေးမြူရေးဆိုင်ရာ နည်းပညာ မဟာဌာန၊ လူမှုရေးသိပ္ပံမဟာဌာန၊ အင်ဂျင်နီယာပညာ မဟာဌာန၊ ပတ်ဝန်းကျင်ဆိုင်ရာ မဟာဌာန၊ ပညာရေး မဟာဌာန၊ သိပ္ပံပညာ မဟာဌာန၊ လူမှုနှင့် ဝိဇ္ဇာပညာ မဟာဌာန စသည်ဖြင့် ကျောင်းသားကျောင်းသူ ငါးသောင်းကျော် တက်ရောက်သင်ကြားနေသည်မှာ အားကျစရာ ကောင်းလှပါသည်။

ထိုင်းနိုင်ငံတွင် ကက်ဆက်ဆတ်တက္ကသိုလ်အပြင် စိုက်ပျိုးရေးပညာ ဘွဲ့ကြိုဘွဲ့လွန် မွေးထုတ်နေသော ချင်းမိုင် (Chiang Mai University)၊ မေဂျို (Maejo University)၊ ကုမ်ခမ် (Khon Kaen University)၊ အူဘွန် (Ubon Ratchathani University)၊ အိမ်ရှေ့မင်းသား ဆွန်ကလာ (Prince of Song Kla University)၊ နာရီဆူဝမ် (Naresuan University)နှင့် အခြားတက္ကသိုလ်များစွာ အားလုံးပေါင်းလျှင် နှစ်စဉ် ထိုင်းနိုင်ငံ၌ စိုက်ပျိုး၊ မွေးမြူရေး၊ သစ်တောတက္ကသိုလ်များက နှစ်စဉ်ဘွဲ့ရ ၅၀၀၀ ဝန်းကျင် မွေးထုတ်ပေးနေသည်နှင့် စာရေးသူတို့နိုင်ငံ စိုက်ပျိုးမွေးမြူရေးဆိုင်ရာတက္ကသိုလ်မှ နှစ်စဉ် ၁၀၀၀ ကျော်ခန့် မွေးထုတ်နေသည်ကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

သူတို့စာကြည့်တိုက်ကိုတော့ ကျွန်တော် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်နှစ်ပတ်လည်နေ့ နိုင်ငံတကာမိတ်ဆွေ၊ စိုက်ပျိုးရေးသိပ္ပံပညာရှင်များကို ဖိတ်ကြားရာ စာရေးသူတက်ရောက်ခဲ့ပြီး စာကြည့်တိုက်ပါ လေ့လာခဲ့ရပါသည်။ သုတေသနစာတမ်းဖတ်ပွဲ (KU Annual Research Conference) နှင့် အတူ တက္ကသိုလ် စိုက်ပျိုးမွေးမြူရေးပြပွဲ (Kasetsart Fair) အထိအောင် နှစ်စဉ်ကျင်းပပါသည်။

**စာရေးသူ၏အတွေး**

နိုင်ငံတကာတက္ကသိုလ်၊ သုတေသနဌာနများမှာ စာကြည့်တိုက်သည် နေ့တိုင်းနီးပါး၊ အချိန်ပြည့် ဖွင့်လှစ်ထားပါသည်၊ (ဥပမာ – အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ် လာမွန်စာကြည့်တိုက် Lamont Library, Harvard University, US) သည်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ၂၄ နာရီ (၇ ရက်လုံး) ဖွင့်ထားသည်ဟု ကြားသိရပါသည်။

မြန်မာနိုင်ငံရှိ စာကြည့်တိုက်များတွင် ကျောင်းသား ကျောင်းသူများ၊ သုတေသနပညာရှင်များ လာရောက်ဖတ်ရှုနိုင်ရန် –

(က) စာဖတ်ခန်းများသည် အသံဆူညံခြင်းမပြုဘဲ ငြိမ်သက်နေပြီး စာဖတ်ချင်သဖွယ်ပြင်ဆင်ပေးထားသင့်ပါသည်။ (ဥပမာ – စာကြည့်စားပွဲ၊ ကုလားထိုင်၊ လေအေးပေးစက် အစရှိသည်။)

( ခ ) စာကြည့်တိုက်ကို လာချင်စိတ်၊ စာဖတ်ချင်စိတ်ရှိအောင် ရုံးသုံး (Desktop Computer)၊ လက်တော့ (Laptop Computer) ကွန်ပျူတာများ စီစဉ်ထားရှိပြီး အင်တာနက်၊ ဝိုင်ဖိုင်များ အလွယ်တကူ စီစဉ်ထားရှိသင့်ပါသည်။ (စာအုပ်၊ ဂျာနယ်များသာ အလွယ်ဖတ်ရှု၊ မိတ္တူကူး၊ သင်ခန်းစာများ ပြန်လည်နားထောင်သာဖြစ်ရပြီး ဖေ့စ်ဘွတ်၊ တစ်တော့ အစရှိသည့် လူမှုကွန်ရက်များ၊ ရုပ်ရှင်၊ ဗီဒီယိုများ ကြည့်ရှု၍ မရအောင် စီစဉ်ထားရပါမည်။)

( ဂ ) စာကြည့်ရင်း ပင်ပန်းလာပါက လန်းဆန်းသွားစေရန် ကော်ဖီဆိုင်အငယ်လေး (Kiosk, Coffee Shop)၊ အလိုအလျောက် ရေ၊ အအေး၊ မုန့် အလိုအလျောက်ရောင်းစက် (Vending Machine) အနီးအနားတွင် စီစဉ်ပေးထားသင့်ပါသည်။ (ဆူညံနေ၍မရပါ။)

# ယူအက်စ်အိုးပင်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် တောင်းဆန့်နှင့် ဆီနီယာကိုဗာအတွဲ အနိုင်ရဗိုလ်စွဲ



ယူအက်စ်အိုးပင်းတင်းနစ် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် တေလာတောင်းဆန့်နှင့် ခါတာရီနာ ဆီနီယာကိုဗာအတွဲက အက်ရှ်လင်ခရူဂါနှင့် ရော်ဘင်မွန်ဂိုမာရီအတွဲကို ၅-၇၊ ၆-၀၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ပထမဆုံးအကြိမ် ယူအက်စ်အိုးပင်းနှစ်ယောက်တွဲဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

တောင်းဆန့်သည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် နာမည်ကြီး အာရီနာ ဆာဘာယ်လင်ကာကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသော်လည်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဆီနီယာကိုဗာနှင့်အတူ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်တင်းနစ်မယ် တောင်းဆန့်သည် ယူအက်စ်အိုးပင်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမအကြိမ် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ တေလာတောင်းဆန့်နှင့်ခါတာရီနာဆီနီယာကိုဗာအတွဲသည် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ယခုအကြိမ် ဖလားဆွတ်ခူးရရှိမှုမှာ လေးကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

တေလာတောင်းဆန့်နှင့် ခါတာရီနာ ဆီနီယာကိုဗာအတွဲသည် ၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်အိုးပင်း အမျိုးသမီးနှစ်ယောက်တွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက် ဒါဘရောစကီးနှင့် ရော့သ်လစ်ဖ်အတွဲကို ၇-၆၊ ၇-၆ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသည်။ ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် ရှဲစုဝေနှင့် အော့စတာပင်ကိုအတွဲကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၂၊ ၆-၇၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးထားသည်။ ထို့အပြင် ယခုနှစ်အတွင်း ကျင်းပခဲ့သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင်လည်း ပြိုင်ဘက် ခရူနစ်ခ်နှင့် ဒါနီလီနာအတွဲကို ၆-၂၊ ၇-၅ ရလဒ်ဖြင့် အနိုင်ယူကာ ဖလားဆွတ်ခူးထားသည်။

## ယူအက်စ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရီဘာကီနာ အနိုင်ရဗိုလ်စွဲ

ယူအက်စ်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကြီး ကာဇက်စတန်တင်းနစ်မယ် အယ်လီနာ ရီဘာကီနာက လက်ရှိချန်ပီယံ အာရီနာ ဆာဘာယ်လင်ကာကို အကြိတ်အနယ်ယှဉ်ပြိုင်ကာ ၆-၄၊ ၅-၇ ၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ယူအက်စ်အိုးပင်းဖလားကို ပထမအကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆာဘာယ်လင်ကာသည် ရီဘာကီနာနှင့် ယခင်တွေ့ဆုံခဲ့သည့် ၁၇ ကြိမ်တွင် ၁၀ ကြိမ်အထိနိုင်ပွဲရရှိခဲ့သော်လည်း ဂရင်းဆလမ်းဗိုလ်လုပွဲ သုံးကြိမ်တွေ့ဆုံမှုတွင် တစ်ကြိမ်သာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

အသက် ၂၇ နှစ်အရွယ် ရီဘာကီနာသည် ၂၀၂၃ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲတွင် ဆာဘာယ်လင်ကာကို ရှုံးနိမ့်ထားသော်လည်း ယခုနှစ်အတွင်းကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းဗိုလ်လုပွဲနှင့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် အနိုင်ယူ ဗိုလ်စွဲထားနိုင်ပြီ ဖြစ်သည်။



ရီဘာကီနာသည် ယခုဗိုလ်လုပွဲတွင် နိုင်ပွဲရရှိမှုကြောင့် ဂရင်းဆလမ်းဆုဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ကွာတားဖိုင်နယ်တွင် တရုတ်တင်းနစ်မယ် ကျင်ဝမ်ကျန်းကို အနိုင်ရရှိပြီးနောက် ကမ္ဘာ့အဆင့် (၁) နေရာကို ရယူကာ ဆာဘာယ်လင်ကာ၏ ရက်သတ္တ ၉၉ ပတ်ကြာ ကမ္ဘာ့အဆင့် (၁) နေရာ ရယူထားနိုင်မှုကို အဆုံးသတ်နိုင်ခဲ့သည်။

## ပရီမီယာလိဂ်တွင် ဂိုးမပေးရသည့်ပွဲ ၁၀၀ နှင့်အထက် ရယူနိုင်သည့် ၁၉ ဦးမြောက် ဂိုးသမားပစ်ဖို့ဒ်ဖြစ်လာ



ဂျော်ဒန်ပစ်ဖို့ဒ်သည် ပရီမီယာလိဂ်တွင် ဂိုးမပေးရသည့်ပွဲ ၁၀၀ နှင့်အထက် ရယူနိုင်သည့် ၁၉ ဦးမြောက်ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဲဗာတန်အသင်းဂိုးသမား ပစ်ဖို့ဒ်သည် စက်တင်ဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၄) တွင် စပါးအသင်းကို ဂိုးမရှိသရေကျခဲ့သည့် ပွဲစဉ်၌ အဆိုပါမှတ်တမ်းရရှိခဲ့ခြင်းဖြစ်သည်။ ပရီမီယာလိဂ်တွင် ဂိုးမပေးရသည့်ပွဲ ၂၀၀ နှင့်အထက် ရယူနိုင်သည့် ဂိုးသမားတစ်ဦးသာ ရှိကြောင်း သိရသည်။ အဆိုပါ ဂိုးသမားမှာ ပီတာချက်ဖြစ်ပြီး ပွဲပေါင်း ၂၀၂ ပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်။ ဂိုးမပေးရသည့်ပွဲ ဒုတိယအများဆုံးရယူထားနိုင်သည့် ဂိုးသမားမှာ ဒေးဗစ်ဂျိမ်းစ်ဖြစ်သည်။ ၁၆၉ ပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်ထားသည်။

## ချယ်ဆီးတောင်ပံကစားသမားဟောင်း ဇီယက်ချ် ဘိုတာဖိုဂိုအသင်းသို့ ပြောင်းရွှေ့



ချယ်ဆီးတောင်ပံ ကစားသမားဟောင်း ဟာကင်ဇီယက်ချ်သည် မိုရိုကိုကလပ် ဝီဒက်အေစီအသင်းနှင့် လမ်းခွဲပြီးနောက် ယခုအခါ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

အသက် ၃၃ နှစ်အရွယ် အဆိုပါ ကစားသမားသည် ရီယိုဒီဂျနေရိုးမြို့တွင် ဆေးစစ်မှုခံယူပြီးနောက် ဘိုတာဖိုဂိုအသင်းနှင့် ၂၀၂၈ ခုနှစ် ဒီဇင်ဘာလအထိ ရှိမည့် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ဇီယက်ချ်သည် နယ်သာလန်နိုင်ငံတွင် မွေးဖွားခဲ့သော်လည်း မိဘမျိုးရိုးအရ မိုရိုကိုအသင်းကို ကိုယ်စားပြုကစားပေးနေသူ ဖြစ်သည်။

၎င်းသည် မိုရိုကိုအသင်းအတွက် ၆၄ ပွဲ ပါဝင်ကစားပေးထားပြီး ၂၅ ဂိုးသွင်းယူပေးထားသည်။ ထို့အပြင် ၎င်းသည် ၂၀၂၂ ခုနှစ်က ကာတာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် မိုရိုကိုအသင်းကို ဆီမီးဖိုင်နယ်အဆင့် ရောက်ရှိအောင် ကူညီပေးထားနိုင်သူ ဖြစ်သည်။ ၎င်းသည် ချယ်ဆီး၊ ဝီဒက်အေစီအသင်းတို့အပြင် ဂါလာတာစရေး၊ အိုင်းယက်စ်နှင့် တွမ်တီးအသင်းတို့တွင်လည်း ကစားဖူးသူ ဖြစ်သည်။

## ပရက်စ်တန်က ဟက်ကင်းဘော့တမ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်

ချန်ပီယံရှစ်ကလပ် ပရက်စတန်အသင်းသည် ခုနှစ်ပွဲတွင် ခြောက်ပွဲအထိ ရှုံးနိမ့်ခဲ့သောကြောင့် ပေါလ်ဟက်ကင်းဘော့တမ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။ ပရက်စတန်အသင်းက ၎င်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် နည်းပြအဖြစ် ခန့်အပ်ခဲ့သည်။ အသက် ၄၉ နှစ်အရွယ် နည်းပြ ဟက်ကင်းဘော့တမ်သည် ပရက်စတန်အသင်းကို စုစုပေါင်း ၁၀၉ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၃၃ ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး ၄၁ ပွဲအထိ ရှုံးနိမ့်ထားသည်။

**မိုးဇက် - စုစည်းရေးသားသည်**

## လာလီဂါပွဲစဉ် (၅) တွင် ရီးရဲမက်ဒရစ်က ဗယ်လက်ကာနိုကို အနိုင်ရ

စက်တင်ဘာ ၁၃ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဗယ်လက်ကာနိုအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်က အသင်းအဓိကတိုက်စစ်ကစားသမား အမ်ဘာပေ၏ သွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

တိုက်စစ်ကစားသမား အမ်ဘာပေ ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ အမ်ဘာပေသည် အဆိုပါသွင်းဂိုးများကြောင့် လာလီဂါ၌ အိမ်ကွင်း ၃၆ ပွဲတွင် သွင်းဂိုး ၃၄ ဂိုးအထိရှိလာပြီဖြစ်သည်။

ဗယ်လက်ကာနိုအသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်ကြောင့် ဂိုးပြတ်ရှုံးပွဲဖြင့် ကျေနပ်ခဲ့ရသည်။ ဗယ်လက်ကာနိုအသင်းသည် အဆိုပါရှုံးပွဲကြောင့် လာလီဂါပွဲစဉ် (၅) အပြီးတွင် ရှုံးပွဲသုံးပွဲအထိ ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဆီဗီလာက ဗလင်စီယာကို တစ်ဂိုး-ဂိုးမရှိ၊ ရေဆင်းက အလာဗက်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ အက်စပန်ညိုက အိုဆာစူနာကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဘီလ်ဘာအိုနှင့် အယ်ချီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် ဆဲလ်တာဗီဂိုနှင့် မာလာဂါအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန)များနဲ့ပတ်သက်ပြီး Forming Adjectives (နာမဝိသေသန ဖွဲ့စည်းပုံ) အကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about online shopping–4 (အွန်လိုင်းကနေ ဈေးဝယ်တဲ့အခါမှာ ဘယ်လိုပြောမလဲ။)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

| Words | Adjectives |
|---|---|
| danger (ဘေး၊ အန္တရာယ်) | dangerous (အန္တရာယ်ရှိသော) |
| describe (ဖော်ပြသည်) | descriptive (သရုပ်ဖော်ထားသော) |
| distance (အကွာအဝေး၊ ခရီး) | distant (ဝေးကွာသော) |
| enjoy (သာယာကြည်နူးသည်၊ ပျော်သည်) | enjoyable (ပျော်စရာကောင်းသော) |
| faith (ယုံကြည်မှု၊ သဒ္ဓါတရား) | faithful (သစ္စာရှိသော၊ ယုံကြည်အားထားရသော) |
| fame (ကျော်ကြားမှု) | famous (ကျော်ကြားသော) |
| father (ဖခင်၊ အဖ၊ အဖေ) | fatherly (ဖခင်ကဲ့သို့သော) |
| fool (လူရူး၊ လူမိုက်၊ လူအ) | foolish (မိုက်မဲသော၊ ရူးမိုက်သော) |
| forget (မေ့သည်) | forgetful (မေ့လျော့တတ်သော) |
| fortune (ကံ၊ ကံကြမ္မာ) | fortunate (ကံကောင်းသော) |
| friend (မိတ်ဆွေ၊ သူငယ်ချင်း) | friendly (ဖော်ရွေသော) |
| girl (မိန်းကလေး) | girlish (ကန္တဲ့ကလျဖြစ်သော) |
| gold (ရွှေ) | golden (ရွှေရောင်၊ရွှေသား၊နှစ်သက်ကြည်နူးဖွယ်ကောင်းသော) |
| harm (ထိခိုက်နစ်နာခြင်း၊ အန္တရာယ်) | harmful (အန္တရာယ်ရှိသော) |
| hate (မုန်းတီးခြင်း၊ အမုန်း) | hateful (မုန်းတီးသော) |
| height (အမြင့်၊ မြင့်သောနေရာ) | high (မြင့်သော) |
| help (ကူညီခြင်း၊ အကူအညီ) | helpful (ကူညီဖော်ရသော) |
| hero (လူစွမ်းကောင်း၊ သူရဲကောင်း) | heroic (ရဲစွမ်းသတ္တိရှိသော၊ သူရသတ္တိရှိသော) |
| hope (မျှော်လင့်ချက်) | hopeful (မျှော်လင့်ချက်ရှိသော) |
| imagine (စိတ်ကူးစိတ်သန်းထုတ်သည်) | imaginary (စိတ်ကူးသက်သက်) |
| joy (ပျော်ရွှင်မှု) | joyful (ပျော်ရွှင်အားရသော) |
| law (ဥပဒေ) | lawful (တရားဝင်ဖြစ်သော) |
| length (အရှည်၊ အလျား) | long (ရှည်သော) |
| love (ချစ်ခြင်း၊ မေတ္တာ၊ သံယောဇဉ်) | lovable (ချစ်ဖွယ်ကောင်းသော) |
| man (လူ၊ ယောကျ်ားကြီး) | manly (ယောကျ်ားပီသသော) |
| mercy (သနား၊ သက်ညှာမှု) | merciful (ကရုဏာရှိသော) |
| mine (ကျွန်တော်၏ဟာ) | my (ကျွန်ုပ်၏) |
| mischief (ဒုက္ခပေးခြင်း၊ ထိခိုက်နစ်နာစေခြင်း) | mischievous(ထိခိုက်နစ်နာစေသော) |
| mountain (တောင်၊ တောင်ပုံရာပုံ) | mountainous (တောင်ထူထပ်သော) |
| music (ဂီတ) | musical (ဂီတနှင့်ဆိုင်သော) |
| nation (လူမျိုး၊ နိုင်ငံ) | national (အမျိုးသား၊ နိုင်ငံတော်နှင့်ဆိုင်သော) |
| nature (သဘာဝ၊ သဘာဝတရား) | natural (သဘာဝအလျောက်ဖြစ်သော) |
| noise (အသံဗလံ၊ ဆူညံသံ) | noisy (ဆူညံသော) |
| north (မြောက်အရပ်) | northern (မြောက်ပိုင်း၊ မြောက်ဘက်ခြမ်း) |
| obey (စကားနားထောင်သည်။ အမိန့်နာခံသည်) | obedient(နာခံသော၊လိုက်နာသော) |
| parent (မိဘ) | parental (မိဘ၏၊ မိဘနှင့်ဆိုင်သော) |
| peace (ငြိမ်းချမ်းရေး) | peaceful (ငြိမ်းချမ်းသော) |
| person (လူ၊ ပုဂ္ဂိုလ်) | personal (ကိုယ်ရေးကိုယ်တာနှင့်ဆိုင်သော) |
| pity (သနားခြင်း) | pitiful(သနားချင့်စဖွယ်ကောင်းသော) |
| please (ကျေနပ်စေသည်) | pleasant(နှစ်လိုဖွယ်ကောင်းသော၊ သာယာသော) |
| poison (အဆိပ်) | poisonous (အဆိပ်ရှိသော) |
| pride (ဂုဏ်သိက္ခာ၊ ပီတိသောမနဿ) | proud (ဂုဏ်ယူသော) |
| prosper (တိုးတက်ကြီးပွားသည်) | prosperous (ကြီးပွားချမ်းသာသော) |
| quarrel (ခိုက်ရန်ဖြစ်ပွားခြင်း) | quarrelsome (ရန်လိုသော) |
| science (သိပ္ပံပညာ၊ သိပ္ပံဘာသာရပ်) | scientific (သိပ္ပံနည်းကျဖြစ်သော) |
| sense (အာရုံခံစားမှု) | sensible (စဉ်းစားတတ်သော) |
| silk (ပိုးချည်) | silky (ပိုးသားကဲ့သို့ နူးညံ့ချောမွေ့သော) |
| skill (ကျွမ်းကျင်မှု) | skillful (ကျွမ်းကျင်လိမ္မာသော) |
| smoke (မီးခိုး၊ ဆေးလိပ်သောက်ခြင်း) | smoky (မီးခိုးအူသော၊ မီးခိုးနံ့ရသော) |
| sorrow (ပူပန်ခြင်း) | sorrowful (ဝမ်းနည်းပူဆွေးသော) |
| south (တောင်အရပ်) | southern (တောင်ဘက်ခြမ်း) |
| storm (မုန်တိုင်း) | stormy (မုန်တိုင်းထန်သော) |
| strength (ခွန်အား) | strong (သန်မာသော) |
| study (လေ့လာသည်) | studious (လေ့လာလိုက်စားသော) |
| success (အောင်မြင်မှု) | successful (အောင်မြင်သော) |
| sun (နေ၊ တနင်္ဂနွေဂြိုဟ်) | sunny (နေသာသော) |
| talk (စကားပြောသည်) | talkative (စကားများသော) |
| terror (ကြောက်ခြင်း၊ လန့်ခြင်း) | terrible (ကြောက်မက်ဖွယ်ကောင်းသော) |
| thirst (ရေငတ်ခြင်း၊ ငတ်မွတ်ခြင်း) | thirsty (ရေဆာသော) |
| thought (အတွေး၊ စိတ်ကူး၊ ထင်မြင်ချက်) | thoughtful (အတွေးနယ်ချဲ့သော၊ စဉ်းစဉ်းစားစားလုပ်တတ်သော |

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **Birds of a feather flock together = (စိတ်တူကိုယ်တူလူများ)**
   Tom and Jack are both interested in football, so they spend a lot of time together. **Birds of a feather flock together.**
   တွမ်နဲ့ ဂျက်တို့ဟာ ဘောလုံးကို အတူတူစိတ်ဝင်စားကြတယ်။ ဒါကြောင့် သူတို့တွေဟာ အချိန်အများစုကို တူတူကုန်ဆုံးကြတယ်။ သူတို့တွေဟာ စိတ်တူကိုယ်တူတွေပဲ။
2. **Bite off more than you can chew = (ကိုယ်မနိုင်တာကို လုပ်သည်။)**
   Don't **bite off more than you can chew.**
   ကိုယ်မနိုင်တာကို မလုပ်ပါနဲ့။
3. **Bite the bullet = (စိတ်ခိုင်ခိုင်ထားပြီး ရင်ဆိုင်သည်။)**
   **I bit the bullet** and apologized.
   စိတ်ခိုင်ခိုင်ထားပြီး ရင်ဆိုင်ခဲ့ပြီး တောင်းပန်လိုက်တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about online shopping–4 (အွန်လိုင်းကနေ ဈေးဝယ်တဲ့အခါမှာ ဘယ်လိုပြောမလဲ။)

- No one seemed to .............. the exact type I needed. **(stock)**
  (stock – ကုန်ပစ္စည်း အမှာတင်သည်။ ရောင်းချရန်လက်ဝယ်ရှိသည်။ ရနိုင်သည်။)
- The website was so .............. – it looked like it was made in the 1990s. **(clunky)**
  (clunky– ခေတ်မမီတော့ဘဲ ဝက်ဘ်ဆိုက်ပုံစံမလှမပဖြစ်ကာ အသုံးပြုရန်ခက်ခဲသည်)
- I was ready to just call it .............. (quits)
  (call it quits– မနှစ်မြို့ဖွယ် အတွေ့အကြုံတစ်ခုခု ကြုံတွေ့ထားသည့်အတွက် ဆက်မလုပ်ချင်တော့ဘဲ ရပ်လိုက်သည်)
- I gave up on them. It's too much ........... **(hassle)**
  (hassle – အနှောင့်အယှက်ပေးသည်။ စိတ်ဒုက္ခပေးသည်)

**Daily Conversation**

Have a really strange experience shopping online

**Daisy:** Speaking of being let down, I've just had a really strange experience shopping online.

**John:** Really? What happened?

**Daisy:** Well, I have an old laptop that I bought overseas a long time ago. Last year, I needed to buy a replacement battery – and I couldn't find one anywhere. **No one seemed to stock the exact type I needed.**

**John:** Yes – I think the manufacturers do that on purpose. They just want you to buy a new computer.

**Daisy:** Right. Well, I persevered and eventu–ally I found a company which had the battery – but they said that it would take two months to deliver it. I didn't have any alternatives, so I went for it.

**John:** OK, and what happened?

**Daisy:** Well, first of all the ordering process was really tricky. **The website was so clunky – it looked like it was made in the 1990s** and hadn't been updated since.

**John:** I hate it when that happens. It's so annoying!

**Daisy:** Yup, but I was determined! So then, I spent about six weeks tracking my battery as it made its way around the world. It showed that it had arrived in the country, but then it disappeared off the radar completely. I con–tacted the company and they had no idea what had happened, and they sent me a refund.

**John:** OK, well that's something, at least.

**Daisy:** **I was ready to just call it quits**, but then, last week, I received a package from the same website.

**John:** Don't tell me … Your battery finally arrived?

**Daisy:** Well, not exactly … The package con–tained a battery, but it was for a phone, not for a laptop. But, it had my name and address, and so on.

**John:** That's kind of weird, isn't it? Did they mix up your order with someone else's?

**Daisy:** Who knows? Anyhow, I gave up on them. **It's too much hassle.**

အပေါ်က စကားပြောကို လေ့လာပြီးပြီဆိုရင် နောက်ဆက်တွဲမေးခွန်းလေးတွေလည်း ဖြေကြည့်ပါဦး။

- Have you ever had a bad experience with shopping online?
- What were you trying to buy? What went wrong?
- What did you do? What happened in the end?
- Did this experience put you off online shopping? Why (not)?

# ဖုန်းမရှိရင် မနေနိုင်တော့ဘူးလား

ဉာဏ်သစ်(မန်းတက္ကသိုလ်)

**ယနေ့ခေတ်တွင် မိုဘိုင်းဖုန်းသည် လူငယ်များ၏ နေ့စဉ်ဘဝတွင် အရေးပါသော နည်းပညာကိရိယာတစ်ခု ဖြစ်လာသည်။ ဖုန်းဖြင့် ဆက်သွယ်နိုင်သည်၊ သတင်းအချက်အလက်ရှာဖွေနိုင်သည်၊ အွန်လိုင်းသင်ခန်းစာများလေ့လာနိုင်သည်၊ ဘာသာစကားများ သင်ယူနိုင်သည်။ သို့သော် အသုံးဝင်သော ကိရိယာတစ်ခုသည် မိမိ၏အချိန်၊ အာရုံစူးစိုက်မှုနှင့်အပြုအမူကို ပြန်လည်ထိန်းချုပ်လာသည့်အခါ သတိထားရန် လိုအပ်လာသည်။**

ထိုအခြေအနေများနှင့်ဆက်စပ်၍ **“Nomophobia = No + Mobile Phone + Phobia”** ဟူသောဝေါဟာရကို ယနေ့ပိုမိုကြားလာရသည်။ Nomophobia သည် မိုဘိုင်းဖုန်းမရှိခြင်း၊ ဖုန်းအသုံးမပြုနိုင်ခြင်း သို့မဟုတ် ဖုန်းနှင့်ဆက်သွယ်မှု မရခြင်းတို့ကြောင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာသည့် အခြေအနေကိုရည်ညွှန်းသည့် ဝေါဟာရဖြစ်သည်။ သို့သော် Nomophobia ကို တရားဝင်စိတ်ရောဂါတစ်မျိုးအဖြစ် သတ်မှတ်ထားသည်ဟု မဆိုနိုင်သေးဘဲ ဖုန်းအသုံးပြုမှုပုံစံနှင့် စိုးရိမ်ပူပန်မှုတို့ကို ဆက်စပ်လေ့လာရာတွင် အသုံးပြုသော အယူအဆတစ်ရပ်အဖြစ် နားလည်သင့်သည်။

အရေးကြီးသည့်အချက်မှာ **ဖုန်းအသုံးပြုခြင်းသည် ပြဿနာမဟုတ်ဘဲ ဖုန်းကို မထိန်းချုပ်နိုင်တော့သည့် အခြေအနေကသာ ပြဿနာဖြစ်လာနိုင်ခြင်းဖြစ်သည်။**

**ဖုန်းက ကျွန်ုပ်တို့ကို အသုံးပြုနေပြီလား**

ဆယ်ကျော်သက်များအတွက် မိုဘိုင်းဖုန်းသည် ဆက်သွယ်ရေးကိရိယာတစ်ခုထက် ပိုမိုကျယ်ပြန့်လာသည်။ လူမှုကွန်ရက်များ၊ ဗီဒီယိုအတိုများ၊ အွန်လိုင်းဂိမ်းများ၊ စာတိုပေးပို့သည့် အက်ပ်များနှင့် အွန်လိုင်းမှ ဗီဒီယို၊ ရုပ်သံအကြောင်းအရာများကို ကြည့်ရှုခြင်းတို့သည် တစ်နေ့တာအချိန်၏ အများအပြားကို အသုံးပြုသွားစေနိုင်သည်။

ဖုန်းကို မကြာခဏစစ်ခြင်း၊ Notification မရလျှင်ပင် စိုးရိမ်ခြင်း၊ ဖုန်းဘက်ထရီကုန်တော့မည်ကို အလွန်အမင်းစိတ်ပူခြင်း၊ အိပ်ရာဝင်ချိန်တွင်ပင် ဖုန်းကို လက်မလွှတ်နိုင်ခြင်း၊ မိသားစုနှင့် စကားပြောနေစဉ် ဖုန်းကိုသာ အာရုံစိုက်ခြင်းတို့သည် မိမိ၏ Digital Habits ကို ပြန်လည်သုံးသပ်သင့်သည့် အချက်များဖြစ်သည်။

အထူးသဖြင့် ကမ္ဘာတစ်ဝန်း ပညာရေးစနစ်များကလည်း ကျောင်းသားများ၏ ဖုန်းအသုံးပြုမှုကို ပိုမိုအလေးထားလာကြသည်။ UNESCO ၏ ၂၀၂၆ ခုနှစ် မတ်လလေ့လာချက်အရ ကမ္ဘာတစ်ဝန်း ပညာရေးစနစ် **၁၁၄ ခု၊ ခန့်မှန်းအားဖြင့် ၅၈ ရာခိုင်နှုန်း**တွင် ကျောင်းများအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုကို တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းဆိုင်ရာမူဝါဒများ ရှိလာပြီဖြစ်သည်။

အဓိကရည်ရွယ်ချက်များမှာ စာသင်ခန်းအတွင်း အာရုံစူးစိုက်မှု မလျော့နည်းစေရန်၊ အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်နှောင့်ယှက်မှုများကိုကာကွယ်ရန်နှင့် လူငယ်များ၏ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် သက်ဆိုင်သော ကျန်းမာပျော်ရွှင်မှုကို ထိန်းသိမ်းပေးရန်ဖြစ်သည်။

**ကမ္ဘာ့နိုင်ငံများ၏ သင်ခန်းစာ — “ပိတ်ပင်ခြင်း” တစ်ခုတည်းမဟုတ်**

နိုင်ငံတကာတွင် မိုဘိုင်းဖုန်းနှင့်ပတ်သက်သော စည်းမျဉ်းများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပါ။ သို့သော် အများစုတွင် **သင်ကြားရေးအတွက် လိုအပ်သည့်အခါ ခွင့်ပြုခြင်း၊ သင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေသည့် အသုံးပြုမှုကို ကန့်သတ်ခြင်း၊ မိဘနှင့် ကျောင်းပူးပေါင်းဆောင်ရွက်ခြင်း** ဟူသော အခြေခံသဘောတရားများကို တွေ့ရသည်။

**တရုတ်နိုင်ငံ — ကျောင်းဝင်းအတွင်း သတ်မှတ်စည်းမျဉ်းဖြင့် ထိန်းချုပ်ခြင်း**

တရုတ်နိုင်ငံ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်ကတည်းက မူလတန်းနှင့် အလယ်တန်းကျောင်းသားများ၏ မိုဘိုင်းဖုန်းအသုံးပြုမှုကို ပိုမိုတင်းကျပ်စွာစီမံရန် ညွှန်ကြားထားသည်။ မူအရ ကျောင်းသားများကို ကိုယ်ပိုင်ဖုန်းဖြင့် ကျောင်းသို့လာရောက်ခြင်းကို ကန့်သတ်ထားပြီး အမှန်တကယ်လိုအပ်ပါက မိဘသဘောတူညီချက်နှင့် စာဖြင့်တင်ပြမှုလိုအပ်ကာ ကျောင်းရောက်လျှင် ဖုန်းကို စီမံထိန်းသိမ်းထားရန် သတ်မှတ်ထားသည်။ (China Ministry of Education)

ဤပုံစံ၏ အရေးကြီးသော သင်ခန်းစာမှာ **“ဖုန်းကို လုံးဝမုန်းတီးရန်”** မဟုတ်ဘဲ **“ကျောင်းပညာရေးအချိန်နှင့် နည်းပညာအသုံးပြုချိန်ကို ခွဲခြားစီမံရန်”** ဖြစ်သည်။

**ဂျပန်နိုင်ငံ — စည်းကမ်းနှင့် ဒီဂျစ်တယ်စာပေကျွမ်းကျင်မှုကို တွဲဖက်ခြင်း**

ဂျပန်နိုင်ငံတွင် မူလတန်းနှင့် အလယ်တန်းအဆင့်များ၌ မိုဘိုင်းဖုန်းများကို ကျောင်းသို့ ယူဆောင်လာခြင်းကို အခြေခံအားဖြင့် ကန့်သတ်ရန် မူဝါဒများချမှတ်ထားပြီး ဒေသနှင့်ကျောင်းအခြေအနေအလိုက် စီမံခန့်ခွဲရန် အလေးထားသည်။ တစ်ချိန်တည်းမှာပင် ဂျပန်ပညာရေးဝန်ကြီးဌာနက “သတင်းအချက်အလက်နှင့် နည်းပညာကို တာဝန်ယူမှု၊ ကျင့်ဝတ်နှင့်အညီ အသုံးပြုတတ်စေရန် ပညာပေးခြင်း” ကို အလေးထားပြီး ကလေးများအနေဖြင့် ဖုန်းနှင့်အင်တာနက်ကို မှန်ကန်စွာ အသုံးပြုတတ်ရန် သင်ကြားပေးထားသည်။ (MEXT)

ဤပုံစံမှာ မြန်မာနိုင်ငံအတွက် အထူးစိတ်ဝင်စားဖွယ်ကောင်းသည်။ အကြောင်းမှာ **စည်းကမ်း + အသိပညာ + မိဘပူးပေါင်းမှု** ကို တစ်ပြိုင်နက်တည်း အလေးထားသောကြောင့် ဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ — စာသင်ခန်းအတွင်း အာရုံစူးစိုက်မှုကို ဦးစားပေးခြင်း**

တောင်ကိုရီးယားတွင်လည်း ကျောင်းသားများ၏ စမတ်ကိရိယာအသုံးပြုမှုကို ပညာရေးအခွင့်အရေးနှင့် ဆရာများ၏ သင်ကြားရေးလုပ်ငန်းကို ကာကွယ်သည့်ရည်ရွယ်ချက်ဖြင့် ပိုမိုစနစ်တကျ ထိန်းချုပ်လာသည်။ ၂၀၂၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေပြင်ဆင်ချက်အရ **၂၀၂၆ ခုနှစ် မတ်လမှစ၍ စာသင်ချိန်အတွင်း ကျောင်းသားများ၏ စမတ်ကိရိယာအသုံးပြုမှုကို အခြေခံအားဖြင့် တားမြစ်ထားပြီး** အထူးပညာရေး လိုအပ်ချက်၊ ပညာရေးရည်ရွယ်ချက် သို့မဟုတ် အရေးပေါ်အခြေအနေများတွင် ခွင့်ပြုနိုင်သည့် ခြွင်းချက်များ ထည့်သွင်းထားသည်။ ထို့အပြင် မှန်ကန်သော စမတ်ကိရိယာအသုံးပြုမှုဆိုင်ရာ ပညာပေးခြင်းကိုလည်း အလေးထားသည်။

> ❐ **မိုဘိုင်းဖုန်းအသုံးပြုမှုကြောင့် လူငယ်များ၏ အိပ်ချိန်၊ စာသင်ချိန်၊ မိသားစုနှင့်အတူ ဖြတ်သန်းချိန်၊ လူမှုဆက်ဆံရေးအချိန်များ လျော့နည်းလာပါက နေ့စဉ်ဘဝတွင် နည်းပညာအသုံးပြုမှုနှင့် လူမှုဘဝအကြား ဟန်ချက်ညီမှု ပျက်ပြားလာနိုင်**
>
> ❐ **မိုဘိုင်းဖုန်းအသုံးမပြုဘဲ စာဖတ်ခြင်း၊ အားကစားလုပ်ခြင်း၊ အနုပညာနှင့် ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိသားစုနှင့် မိတ်ဆွေများနှင့် မျက်နှာချင်းဆိုင်ဆက်ဆံခြင်းနှင့် ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ခြင်းတို့အတွက်လည်း လုံလောက်သောအချိန် ပေးသင့်**

ဤအချက်သည်**“တားမြစ်ခြင်း”**နှင့်**“ပညာပေးခြင်း”**ကို အတူတကွ လုပ်ဆောင်နိုင်ကြောင်း ပြသသည်။

**ပြင်သစ်နိုင်ငံ — “ဒီဂျစ်တယ်နည်းပညာမှ ခေတ္တအနားယူပြီး ကျောင်းဘဝကို ဟန်ချက်ညီစေခြင်း”**

ပြင်သစ်နိုင်ငံသည် မိုဘိုင်းဖုန်းအသုံးပြုမှုကို ကျောင်းများတွင် ကန့်သတ်ထားသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ၂၀၂၅ ခုနှစ်မှစ၍ အလယ်တန်းကျောင်းများတွင် “မိုဘိုင်းဖုန်းကို ခေတ္တအနားပေးခြင်း” **“Portable & pause”** ဟုခေါ်သည့် ဖုန်းကို ခေတ္တဖယ်ထားသည့် စနစ်ကိုတိုးချဲ့ခဲ့သည်။ ထို့အပြင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အထက်တန်းကျောင်းများအထိ ဖုန်းနှင့်ချိတ်ဆက် ကိရိယာအသုံးပြုမှုကို ပိုမိုကန့်သတ်သည့် မူဝါဒများထည့်သွင်းလာသည်။ သို့သော် ပညာရေးအတွက် လိုအပ်သောအသုံးပြုမှုများနှင့် အရေးပေါ်အခြေအနေများအတွက် ခြွင်းချက်များရှိနေသည်။ (Éduscol)

ပြင်သစ်၏ သင်ခန်းစာမှာ **“ဒီဂျစ်တယ်အနားယူချိန်”** သည် နည်းပညာကို ငြင်းပယ်ခြင်းမဟုတ်ဘဲ နည်းပညာအသုံးပြုမှုနှင့် လူမှုဘဝအကြား ဟန်ချက်ညီစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

**အိန္ဒိယနိုင်ငံ — ကျောင်းစည်းမျဉ်းနှင့် စာမေးပွဲစည်းကမ်းကို ခိုင်မာစွာထားရှိခြင်း**

အိန္ဒိယနိုင်ငံတွင်လည်း ကျောင်းများနှင့် စာမေးပွဲများ၌ မိုဘိုင်းဖုန်းအသုံးပြုမှုကို ကန့်သတ်ထားသည့် မူဝါဒများရှိသည်။ အိန္ဒိယနိုင်ငံ၏ အလယ်တန်းပညာရေး ဗဟိုဘုတ်အဖွဲ့၏ စည်းမျဉ်းများအရ ခွင့်ပြုချက်မရှိဘဲ အီလက်ထရွန်နစ် ဆက်သွယ်ရေးကိရိယာများကို ကျောင်းနှင့် ကျောင်းကားအတွင်း ယူဆောင်အသုံးပြုခြင်းကို ကန့်သတ်ထားသည်။ ထို့အပြင် စာမေးပွဲဖြေဆိုချိန်တွင် မိုဘိုင်းဖုန်းကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုရန် ကြိုးပမ်းခြင်းကို ပြင်းထန်သော စည်းကမ်းဖောက်ဖျက်မှုအဖြစ် သတ်မှတ်ထားသည်။ (CBSE)

**ထိုင်းနိုင်ငံ — “တားမြစ်ခြင်း” ထက် “မျှတစွာအသုံးချခြင်း” ကို အလေးထားခြင်း**

ထိုင်းနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှုကို ကျောင်းတစ်ကျောင်းချင်းစီ၏အခြေအနေနှင့် လိုအပ်ချက်များအရ သင့်လျော်စွာစီမံခန့်ခွဲရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ကလေးများ၏ အခွင့်အရေးနှင့် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဒီဂျစ်တယ်ကိရိယာများကို ပညာရေးအတွက် အသုံးပြုခြင်းနှင့် အပန်းဖြေရန် အသုံးပြုခြင်းတို့ကို ခွဲခြားစီမံရန် အာရုံစိုက်ထားသည်။

ထို့အပြင် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနက ကလေးများ၏ ဒီဂျစ်တယ်နည်းပညာ အသုံးပြုမှုဆိုင်ရာ ကျန်းမာမျှတမှု၊ ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအသိပညာ တိုးတက်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ကျောင်းများတွင်လည်း မိုဘိုင်းဖုန်းနှင့် အခြားဒီဂျစ်တယ်ကိရိယာများကို မည်သည့်အချိန်တွင်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သို့အသုံးပြုရမည်ဆိုသည့် ရှင်းလင်းသောလမ်းညွှန်ချက်များထားရှိရန် အရေးကြီးကြောင်း အလေးပေးထားသည်။ (Ministry of Education Thailand)

**မြန်မာနိုင်ငံအတွက် ဘယ်လို Model က အကောင်းဆုံးဖြစ်နိုင်သလဲ**

နိုင်ငံတစ်နိုင်ငံ၏မူဝါဒကို အခြားနိုင်ငံမှ တိုက်ရိုက်ကူးယူခြင်းသည် အမြဲတမ်းသင့်လျော်မည်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ကျောင်းအရွယ်အစား၊ ကျောင်းသားအရေအတွက်၊ မိဘများ၏ ဒီဂျစ်တယ်စာပေတတ်ကျွမ်းမှု၊ အင်တာနက်ရရှိနိုင်မှုနှင့် ပညာရေးအခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွက် **“ထက်မြက်သော ကျောင်းသားများအတွက် စနစ်တကျ မိုဘိုင်းဖုန်းအသုံးပြုမှုပုံစံ”** ဟု ခေါ်ဆိုနိုင်သည့် ပေါင်းစပ်မော်ဒယ်တစ်ရပ်ကို ဖော်ဆောင်စဉ်းစားနိုင်ပါသည်။

**ပထမ — စာသင်ခန်းအတွင်း ဖုန်းမသုံးဘဲ အာရုံစူးစိုက်သင်ယူခြင်း**

စာသင်ချိန်အတွင်း မိုဘိုင်းဖုန်းကို အသံပိတ်ထားခြင်း သို့မဟုတ် သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ သိမ်းဆည်းထားခြင်းကို ကျောင်းစည်းကမ်းတစ်ရပ်အဖြစ် သတ်မှတ်နိုင်သည်။

**ဒုတိယ — သင်ယူရေးအတွက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်း**

ဆရာက ပညာရေးနှင့် သင်ယူရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ခွင့်ပြုသည့်အချိန်တွင်သာ မိုဘိုင်းဖုန်းကို သင်ယူရေးအထောက်အကူပြုကိရိယာအဖြစ် အသုံးပြုစေသင့်သည်။

**တတိယ — အိမ်တွင်းရေး၊ မိသားစုနှင့်အတူ ဒီဂျစ်တယ်အသုံးပြုမှု စည်းကမ်းသတ်မှတ်ခြင်း**

မိဘနှင့် သားသမီးများအကြား **စာသင်ချိန်၊ အိပ်ချိန်၊ မိသားစုနှင့်အတူ ဖြတ်သန်းချိန်နှင့် မိုဘိုင်းဖုန်းအသုံးပြုချိန်**တို့ကို အပြန်အလှန်နားလည်သဘောတူညီမှုဖြင့် သင့်လျော်စွာ သတ်မှတ်ထားနိုင်သည်။

**စတုတ္ထ — နေ့စဉ်ဘဝ၊ ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုနှင့် ကျန်းမာမျှတသောဘဝ**

မိုဘိုင်းဖုန်းအသုံးမပြုဘဲ စာဖတ်ခြင်း၊ အားကစားလုပ်ခြင်း၊ အနုပညာနှင့် ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိသားစုနှင့် မိတ်ဆွေများနှင့် မျက်နှာချင်းဆိုင်ဆက်ဆံခြင်းနှင့် ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ခြင်းတို့အတွက်လည်း လုံလောက်သောအချိန်ပေးသင့်သည်။

**ပဉ္စမ — ကိုယ်ကျင့်တရားနှင့် တာဝန်ယူမှု၊ ဒီဂျစ်တယ်နိုင်ငံသား စိတ်ဓာတ်**

အွန်လိုင်းပေါ်တွင် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြောဆိုခြင်း၊ အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်နှောင့်ယှက်မှုများကို ကာကွယ်ခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းခြင်း၊ မမှန်ကန်သော သတင်းအချက်အလက်များကို ခွဲခြားသိရှိခြင်း၊ အွန်လိုင်းတွင် မိမိချန်ထားခဲ့သော ဒီဂျစ်တယ်မှတ်တမ်းများကို သတိပြုခြင်းနှင့် **ဉာဏ်ရည်တုနည်းပညာ (AI) ကို တာဝန်ရှိစွာ အသုံးပြုခြင်း**တို့ကို လူငယ်များအတွက် အခြေခံ**ဒီဂျစ်တယ်နိုင်ငံသားစိတ်ဓာတ်နှင့် ကျွမ်းကျင်မှုများ**အဖြစ် သင်ကြားပေးသင့်သည်။

*စာမျက်နှာ ၂၁ သို့*

# ကိုယ်ပိုင်ကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကိုယ်ပိုင်



ကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၆)ရပ်ကွက် အောင်မြေသာယာကစားကွင်း၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက အားကစားသရုပ်ပြဖျော်ဖြေခြင်း၊ ပန်းဖွားသရုပ်ဖော်အကများဖြင့် ဖျော်ဖြေကြပြီး ပွဲစဉ်အလိုက် ဘောလုံးအားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်နီ(ပြန်/ဆက်)



မြောင်းမြမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပေးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်/မြို့နယ် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။

ဇေယျာ(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လယ်ဝေးမြို့ ခုတင်-၁၀၀ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၂ ရက်က လယ်ဝေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲထွန်းလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၁၀ ဖြင့် အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် ပြည်သူ့အကျိုးပြုသန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)







(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ဟန်ဝင်းလှိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက စက်တင်ဘာ ၁၂ ရက်တွင် ရေဦးမြို့ အထက(၁)ကျောင်း၌ စာသင်ဆောင်ရှေ့မျက်နှာစာ နှင့် ကျောင်းဆောင်နောက်ကျောဘက်ရှိ ချုံနွယ်ပင်များ၊ ပေါင်းမြက်များ ရှင်းလင်းပေးခြင်းနှင့် ဆွေးမြည့်အမှိုက်များ၊ ပလတ်စတစ်အမှိုက်များကောက်ယူခြင်း၊ ရေနုတ်မြောင်းများရှိ ပိတ်ဆို့အမှိုက်များ သန့်ရှင်းပေးခြင်း၊ မလိုအပ်သည့် သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ပေးခြင်းတို့ ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

တာချီလိတ်မြို့ မိုင်းဖုန်း (က)အုပ်စု ဝမ်ပုံကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ) တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး နိုင်ထွန်းလှိုင် ဦးဆောင်၍ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ဝင် ၄၀ နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆေးရုံဝင်း အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းပေးခြင်း၊ ရေနုတ်မြောင်းများ ဆယ်တင်တူးဖော်ပေးခြင်းနှင့် ဆေးရုံအုတ်တံတိုင်း ဆေးသုတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။

ရွှေမြိုင်သူ(ပြန်/ဆက်)

## ကျေးရွာသစ်တော ထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့

*စာမျက်နှာ ၂၀ မှ*

### မြန်မာ့ကျောင်းများတွင် "ဖုန်းစည်းကမ်း" ကို မည်သို့ချမှတ်သင့်သနည်း

မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော စည်းမျဉ်းတစ်ရပ်မှာ **"မသုံးရ"** ဟုသာ ရေးသားထားခြင်းထက် **ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာအတွက်၊ ဘယ်သူ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုရမည်**ကို ရှင်းလင်းစွာ ဖော်ပြထားခြင်းဖြစ်သည်။

ဥပမာ—

**စာသင်ချိန် —** မသုံးရ။

**စာမေးပွဲ —** မယူဆောင်ရ။

**ပညာရေးလုပ်ငန်း — ဆရာခွင့်ပြုလျှင် အသုံးပြုနိုင်။**

**အရေးပေါ်အခြေအနေ — ကျောင်းစည်းမျဉ်းနှင့်အညီ အသုံးပြုနိုင်။**

**ကျောင်းပြင်ပ — မိမိကိုယ်တိုင် ထိန်းချုပ်နိုင်စွမ်းရှိစွာ အသုံးပြုရမည်။**

ထိုစည်းမျဉ်းများကို ကျောင်းသားများသာမက **ဆရာများ၊ မိဘများနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များကပါ နားလည်သဘောတူထားရန်** အရေးကြီးသည်။

အထူးသဖြင့် စည်းကမ်းဖောက်ဖျက်မှုကို အပြစ်ပေးခြင်းတစ်ခုတည်းမလုပ်ဘဲ ပထမအဆင့်တွင် အသိပညာပေးခြင်း၊ ဒုတိယအဆင့်တွင် မိဘနှင့်ဆွေးနွေးခြင်း၊ ထပ်မံဖြစ်ပွားပါက ကျောင်းစည်းမျဉ်းအတိုင်း အဆင့်လိုက်ဆောင်ရွက်ခြင်းသည် ပိုမိုပညာရေးဆန်သောနည်းလမ်းဖြစ်နိုင်သည်။

**"No Mobile Phone" မဟုတ်၊ "Know Your Mobile Phone" ဖြစ်စေရန်**

("မိုဘိုင်းဖုန်း လုံးဝမသုံးရန်" မဟုတ်ဘဲ "မိုဘိုင်းဖုန်းကို သိရှိနားလည်ပြီး မှန်ကန်စွာအသုံးချတတ်ရန်")

လူငယ်များအတွက် မိုဘိုင်းဖုန်းသည် ရန်သူမဟုတ်ပါ။ မှန်ကန်စွာအသုံးပြုပါက ဆရာတစ်ဦး၊ စာကြည့်တိုက်တစ်ခု၊ ဘာသာစကားလေ့လာရေးကိရိယာတစ်ခုနှင့် ကမ္ဘာ့သတင်းအချက်အလက် ရင်းမြစ်တစ်ခုဖြစ်လာနိုင်သည်။

သို့သော် မိုဘိုင်းဖုန်းအသုံးပြုမှုကြောင့် လူငယ်များ၏ အိပ်ချိန်၊ စာသင်ချိန်၊ မိသားစုနှင့်အတူ ဖြတ်သန်းချိန်၊ လူမှုဆက်ဆံရေးအချိန်များ လျော့နည်းလာပါက နေ့စဉ်ဘဝတွင် နည်းပညာအသုံးပြုမှုနှင့် လူမှုဘဝအကြား ဟန်ချက်ညီမှု ပျက်ပြားလာနိုင်သည်။

ထို့ကြောင့် မိဘများသည် ဖုန်းကို ရုတ်တရက် သိမ်းယူခြင်းထက် သားသမီးများနှင့် ဆွေးနွေးသင့်သည်။ ဆရာများသည် ဖုန်းကို လုံးဝပိတ်ပင်ခြင်းထက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုတတ်ရန် သင်ကြားပေးသင့်သည်။ ကျောင်းသားများကလည်း မိမိကိုယ်တိုင် မေးမြန်းသင့်သည်—

**"ဒီဖုန်းကို ငါအသုံးပြုနေတာလား၊ ဒီဖုန်းက ငါ့အချိန်ကို အသုံးပြုနေတာလား"။**

ဤမေးခွန်းကို မိမိကိုယ်တိုင် ပြန်လည်မေးမြန်းခြင်းသည် မိုဘိုင်းဖုန်းမရှိလျှင် စိုးရိမ်ပူပန်လာသည့် အခြေအနေများနှင့် မသင့်လျော်သော ဒီဂျစ်တယ်အသုံးပြုမှု အလေ့အကျင့်များကို စောစီးစွာ သတိပြုမိစေရန် အရေးကြီးသော အစပြုခြေလှမ်းတစ်ရပ် ဖြစ်လာနိုင်သည်။

### ဖုန်းကို ပိတ်လိုက်ရန်မဟုတ်၊ ဘဝကို ပြန်ဖွင့်ရန်

